ရွှေမန္တလာ နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၉၃)၊ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ ၁၅–၆–၂၀၂၄၊ စနေနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၄)နှစ်မြောက်နှစ် ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေ လွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးသည့် အခမ်းအနား တစ်ရပ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။




ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

### တက်ရောက်

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

### ဆက်လက်တိုးမြှင့်ခဲ့

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူဝါဒ အပေါ်အခြေခံကာ ၂၀၁၁ ခုနှစ်တွင် နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုသို့ မြှင့်တင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ-တရုတ် မျှဝေသော အနာဂတ် အသိုက်အဝန်းသို့ ဆက်လက်တိုးမြှင့်ခဲ့ကြောင်းနှင့် တရုတ်နိုင်ငံ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများနှင့် အတူ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုကို အလေးပေးပြောကြားပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်ရှိ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ခုနစ်ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံကိန်းများကို ထောက်ပံ့ပေးအပ်သည့် တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဒေသတွင်း ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို “မြစ်တစ်စင်းနှင့် မျှဝေသော အနာဂတ်” မဲခေါင်-လန်ချန်း စိတ်ဓာတ်ဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည့်ကတိကဝတ်ကို ထပ်လောင်းပြောကြားသည်။

### အကူအညီပေးသွားမည်

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် **စာမျက်နှာ ၄ သို့** ❍

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၄**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၁၄

| | | |
|---|---|---|
| ကျောက်ဖြူ | ၈ ဒသမ ၈၆ | လက်မ |
| မြစ်ကြီးနား | ၃ ဒသမ ၄၃ | လက်မ |
| စစ်တွေ | ၃ ဒသမ ၃၈ | လက်မ |
| သံတွဲ | ၃ ဒသမ ၃၈ | လက်မ |
| ရွှေကျင် | ၃ ဒသမ ၁၁ | လက်မ |
| မဒေါက် | ၂ ဒသမ ၈၃ | လက်မ |
| မာန်အောင် | ၂ ဒသမ ၆၀ | လက်မ |

၂၀၂၄ ခုနှစ်၊ ဇွန် ၁၅ ရက် ၊ စနေနေ့ ။

မန္တလေး နေ့စဉ်

# ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း ဖွင့်လှစ်

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း မြန်မာ CDC အဆောက်အဦကိုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရေးသင်္ကေတအဖြစ် ၂၀၂၁ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၂၄ ခုနှစ် မေလတွင် တည်ဆောက်ပြီးစီးပြီဖြစ်၍ ဇွန် ၁၃ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"ကို လူမှုရေးဦးတည်ချက်တွင် ထည့်သွင်းချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော အခြေခံကျပြီး အရေးပါသည့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်မီစွာဖြင့် စွမ်းရည်ပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ ပြည်သူ့ကျန်းမာရေးလုံခြုံမှုနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲကိုင်တွယ်ဖြေရှင်းနိုင်ရန် ကမ္ဘာ့နိုင်ငံများအနေဖြင့် အားကောင်းခိုင်မာပြီး အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးအဖွဲ့အစည်းများရှိရန် အရေးကြီးသည်ကို သတိပြုမိခဲ့ကြကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအဖွဲ့အစည်းများကို ပိုမိုထိရောက်စွာ ပံ့ပိုးကူညီနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများတွင် Centers for Disease Control and Prevention-CDC ဟုခေါ်သည့် ရောဂါထိန်းချုပ်ရေး ဗဟိုဌာနများ ဖွင့်လှစ်တည်ထောင်ကြပြီး ရောဂါနှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လာကြကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဇွန် ၁၃ရက် နံနက်ပိုင်းတွင်နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ အဆိုပါဗဟိုဌာနနှင့် သင်တန်းကျောင်းအဆောက်အဦ၌ ကျင်းပသည့် မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar National Center for Disease Control and Medical Training Center) ဖွင့်ပွဲ ၌ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက ဆက်လက်ပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ရောဂါကာကွယ်ထိန်းချုပ်ရေး၊ သုတေသနပြုလုပ်ရေးနှင့်ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးဗဟိုဌာနတစ်ခု ထူထောင်နိုင်ရန်အတွက် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရေးသင်္ကေတအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ကူညီတည်ဆောက် ထူထောင်ပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းစီမံကိန်းကို တရုတ်ယွမ်ငွေ သန်း(၃၃၀)ခန့်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ယခုကဲ့သို့ အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထူးခြားချက်အနေဖြင့် ယနေ့ဖွင့်လှစ်လိုက်သည့် Myanmar CDC သည် ရောဂါထိန်းချုပ်ရေးဗဟိုဌာနအပြင် ပြည်သူ့ကျန်းမာရေးသင်တန်း အဆောက်အအုံပါ ပူးတွဲတည်ဆောက်ထားသည့်အတွက် အရည်အသွေးပြည့်မီသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာသင်တန်းများ ပို့ချပေးနိုင်မည်ဖြစ်သည့်အတွက် အရည်အသွေးမြင့်မားသည့် မျိုးဆက်သစ်ကျန်းမာရေးလူ့စွမ်းအားအရင်း အမြစ်များကို မွေးထုတ်ပေးလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းထူထောင်နိုင်ခြင်းဖြင့် အရည်အသွေးပြည့်မီသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာသင်တန်းများ ပို့ချပေးနိုင်မည့်အပြင် မြန်မာနိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး တိုးတက်အောင် ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်နှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ အစီအမံများကိုလည်း ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပုသိမ်ကြီးမြို့နယ်တွင် စမ်းဝတီသဘာဝမြေဩဇာ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ



**ပုသိမ်ကြီး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေမကျေးရွာရှိ ရိုးမမြိုင် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းအား မန္တလေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်မှ စမ်းဝတီ သဘာဝမြေဩဇာ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်တင်မိုးနွယ်၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ အမှုဆောင် ဦးဟန်၊ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်မှ ဦးတင်အောင်ထွန်းနှင့် တာဝန်ရှိသူများ၊ ရိုးမမြိုင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝ၉၅) (အပေါ်ဝဲပုံ)

## ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး မြောင်းစာနှင့် အမှိုက်များ ဆယ်ယူရှင်းလင်း

**မန္တလေး ဇွန် ၁၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရှည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့် အဖွဲ့သည် သက်ဆိုင်ရာဌာနများမှလူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနတာဝန်ရှိသူများသည် အောင်မြေသာစံရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၈လမ်းမြောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၈၇လမ်းနှင့် ၈၈လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇လမ်းနှင့် ၁၉လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန့်ခါများမှ ဒိုက်နှင့်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတာချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၀လမ်းနှင့် ၁၂လမ်းကြား၌ မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် အနိုပ်တော်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၂၁လမ်း ချမ်းမြေ့အောင်လမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ လမ်း၆၀နှင့် ၆၂လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ကဋ္ဌဏမဟီရပ်ကွက် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ၃၀A လမ်းတောင်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၇၇လမ်းနှင့် ၇၈လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ဟေမာဇလရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၉လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှအမှိုက်နှင့် မြောင်းစာများကို E-35ဘက်ဟိုးစက်အသုံးပြု၍ ၂၇လမ်းနှင့် ၂၈လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၈လမ်းနှင့် ၃၁လမ်း တံတားထိပ် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတာချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၈၆လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ ဒိုက်နှင့်အမှိုက်များကို လုပ်သားများက ၂၉လမ်းနှင့် ၃၁လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ကံသာယာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၀၈လမ်း မြောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi-4 ဘက်ဟိုးစက်အသုံးပြု၍ ၅၉ လမ်းနှင့် မြို့ပတ်သံလမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ၆၆ လမ်း အနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို Hitachi-70 ဘက်ဟိုးစက်အသုံးပြု၍ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် သိပ္ပံလမ်းတောင်ဘက်ခြမ်းမြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၆၉လမ်းနှင့် လမ်း ၇၀ကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ကိုလံဘိုမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ နွံနှင့် ဒိုက်များကို Longarm စက်အသုံးပြု၍ မြောက်ဥယျာဉ်ရပ်ကွက်နှင့် တောင်ဥယျာဉ် ရပ်ကွက်ကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ညရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၄လမ်း အနောက်ဘက်ခြမ်းမြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို E-35ဘက်ဟိုးစက်အသုံးပြု၍ ၁၄၁လမ်းနှင့် ၁၄၁Aလမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ၅၆လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi ဘက်ဟိုးစက်အသုံးပြု၍ ၁၂၉လမ်းနှင့် ၁၃၀လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ၆၀D လမ်း အနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Hitachi ဘက်ဟိုးစက်အသုံးပြု၍ ၁၂၂လမ်းနှင့် ၁၂၃ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

အမရပူရမြို့နယ်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် မှန်တန်းရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် စိန်ပန်းလမ်း၊ Joy ကဖေးရှေ့မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ သား၊ သမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနား ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၏ဇနီး သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇွန် ၁၄

ပြန်ကြားရေး ဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ သား၊ သမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်း အဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး **"ပညာရည်မြင့်မားရေး ဆောင်ရွက်မှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့"** မှတ်တမ်းဗွီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံးပညာရည်မြင့်မားရေးဆိုသည့် ပညာရေးဆိုင်ရာ အမျိုးသားရေး မျှော်မှန်းချက်ကို ချမှတ်၍ ပညာရေးပြုပြင်ပြောင်းလဲမှုကို ခေတ်နှင့်လျော်ညီစွာ စီမံကိန်းများ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာသင်ယူတတ်မြောက်ရန်၊ ကျောင်းသားကျောင်းသူလူငယ်များ ဘက်စုံထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရန်နှင့် အရည်အသွေး မြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာစေရန် ဆိုသည့် တစ်မျိုးသားလုံးပညာရည်မြင့်မားရေး မျှော်မှန်းချက်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပညာနှင့်ပတ်သက်၍ အတွေးအခေါ်၊ အယူအဆလမ်းမှားမရောက်ရန် အရေးကြီးပါကြောင်း၊ **"သန့်ရှင်းသည့်နားအကြားများသည်၊ ကြည်လင်သည့်မျက်စိ အမြင်များသည်၊ စင်ကြယ်သည့်စိတ် အသိများသည်"** ဆိုသည့် စကားရှိသည့်အတွက် အမှန်ကို ကြား၊ အမှန်ကို မြင်၊ အမှန်ကို သိကြရန် အရေးကြီးလှပါကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် ဘဝတွင် တပည့်ကောင်းများ ဖြစ်ရန် ကြိုးစားရမည် ဖြစ်သကဲ့သို့ နောင်တစ်ချိန်တွင် တိုင်းပြည်ကို ဦးဆောင်ကြရမည့်သူများ ဖြစ်သည့်အတွက် ပညာပြည့်ဝရုံသာမက သန့်ရှင်းဖြူစင်သည့် ကိုယ်ကျင့်တရားဖြင့် နေထိုင်တတ်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ မိသားစုဂုဏ်၊ ကျောင်း၏ဂုဏ်ကို ဆောင်နိုင်ခြင်းမှသည် နိုင်ငံတော်၏ဂုဏ်ကိုပါ ထွန်းလင်းစေအောင် ကြိုးစားကြစေလိုကြောင်း။

ဘဝအတွက် အခြေခံပညာသည် လှေကားတစ်ခုဖြစ်ကြောင်း၊ မိဘဆရာများက ထောက်ပံ့ရုံသာ ထောက်ပံ့ပေးမည်ဖြစ်ပြီး သားငယ်၊ သမီးငယ်တို့က ကိုယ်တိုင်ကြိုးစားအားထုတ်ကြရမည် ဖြစ်ကြောင်း၊ **'ပညာရွှေအိုး လူမခိုး'** ဆိုသည့် ဆိုရိုးစကားအတိုင်း မိမိတို့အရွယ်သည် စာကြိုးစားရမည့်အရွယ်ဖြစ်သည့်အတွက် ကြိုးစားကြစေလိုကြောင်း၊ စာသင်ရုံနှင့် မလုံလောက်ဘဲ ဘာသာစကားကျွမ်းကျင်ရန်၊ ကွန်ပျူတာအခြေခံရရန်၊ အိုင်တီအခြေခံ ကျွမ်းကျင်ရန် အလယ်တန်းအဆင့်မှစပြီး အင်္ဂလိပ်စာလေ့လာရန် လိုအပ်ပါကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် သားငယ်သမီးငယ်များအနေဖြင့် အမှန်တကယ်ကြိုးစားလျှင် ကြိုးစားမှုနှင့် ထိုက်တန်သည့်အခွင့်အလမ်းများကို ရရှိခံစားရမည်ဖြစ်ကြောင်း၊ ပညာသင်ချိန်တွင် မိမိတို့ ပညာသင်ကြားရေးကို ထိခိုက်စေမည့်ကိစ္စရပ်များကို ရှောင်ရှားပြီး အနာဂတ်တွင် တိုင်းပြည်ကို အကျိုးပြုနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်အောင် ရည်မှန်းချက်ထား ကြိုးစားကြစေလိုကြောင်း။

## တိုက်တွန်း မှာကြား

နိုင်ငံတော် ဝန်ကြီးချုပ်ကလည်း ပညာရေးကို အထူးအလေးထားပါကြောင်း၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ အနိမ့်ဆုံးအဆင့် KG+ 9 ပြီးမြောက် အောင်မြင်စေရေး၊ လူတိုင်းအခြေခံပညာ တတ်မြောက်ရေးအတွက် လမ်းညွှန်မှာကြားပြီး နိုင်ငံသားများ ပညာရည်မြင့်မားရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရည်မြင့်မားမှသာ မိမိဘဝ တိုးတက်မည်ဆိုသည်ကို ကျောင်းသားကျောင်းသူများ သိရှိနားလည်ထားရမည်ဖြစ်ပါကြောင်း၊ ယနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်က အားထားရသည့် သားကောင်း သမီးမွန် ရတနာများဖြစ်အောင် ကြိုးစား ဆောင်ရွက်သွားကြပါဟု တိုက်တွန်း မှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်အောင်ပြည့်လင်း၊ လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်ကောင်းခန့်ကြွယ်နှင့် သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မစုလှဲ့နိုင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၏ဇနီးက သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် မချောအိထူး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် မောင်အောင်ဖြိုးဝင်းနှင့် မောင်လပြည့်အောင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

## ပေးအပ်ချီးမြှင့်

ယင်းနောက် ဒုတိယဝန်ကြီးက နှစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သည့် မောင်ဝေယံပြည့်စုံ၊ တစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် မနန့်သက်ဖူးခင်၊ မောင်ဇင်လင်းထက်၊ မောင်လမင်းထက်နှင့် မချမ်းမြေ့သော်တာတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက်ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာတို့ကို ဌာနအလိုက် ပေးအပ်ကြသည်။

ယင်းနောက် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်အောင်ပြည့်လင်းက တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

## ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက ကျောင်းသီချင်းများ ပေါင်းစပ်တစ်ခန်းရပ်အစီအစဉ်ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေကျပ်ငါးသိန်းကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများက ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား မိဘများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများသည် ကျောင်းသား ကျောင်းသူများနှင့် အတူတကွ လက်ဖက်ရည် သုံးဆောင်ကြသည်။

## စုစုပေါင်းထောက်ပံ့မှု ငွေကျပ် ၅၀၃၈၀၀၀၀

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ဝန်ကြီးဌာနတစ်ခုလုံးအတွက်ပညာသင်ထောက်ပံ့ကြေး ပေးအပ်မှုမှာ မူလတန်း ၁၃၉၀၊ အလယ်တန်း ၅၆၄ဦး၊ အထက်တန်း ၅၀၀၊ တက္ကသိုလ် ၃၉၃ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၈၄၇ ဦးရှိကာ မူလတန်း ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ငွေကျပ်ငါးထောင်နှင့် ဗလာစာအုပ်တစ်ဒါဇင်၊ အလယ်တန်း တစ်ဦးလျှင် ငွေကျပ် ၇၅၀၀နှင့် ဗလာစာအုပ်တစ်ဒါဇင်၊ အထက်တန်းတစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှင့် ဗလာစာအုပ်နှစ်ဒါဇင်၊ တက္ကသိုလ်ကျောင်းသားတစ်ဦးလျှင် ငွေကျပ်တစ်သောင်းခွဲနှင့် ဗလာစာအုပ်နှစ်ဒါဇင်နှုန်းဖြင့် စုစုပေါင်းထောက်ပံ့မှု ငွေကျပ် ၅၀၃၈၀၀၀၀ ဖြစ်သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ရိုးရိုးအောင်မြင်သူ ၃၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦးတို့ရှိခဲ့ပြီး ရိုးရိုးအောင်မြင်သူတစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်း၊ ဂုဏ်ထူး တစ်ဘာသာလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ချီးမြှင့်ခဲ့ရာ ကျောင်းသား ကျောင်းသူများအတွက် စုစုပေါင်းထောက်ပံ့ ချီးမြှင့်ငွေကျပ် ၅၅၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး လှုံ့ဆော်ရေးဆိုင်းဘုတ် စိုက်ထူဖွင့်လှစ်

**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်း နှင့် လမ်း ၃၀ ထောင့်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" လူထုအသိပညာပေး လှုံ့ဆော်ရေးဆိုင်းဘုတ်စိုက်ထူဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သန်းခေါင်စာရင်းကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" လူထုအသိပညာပေး လှုံ့ဆော်ရေး ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကားလမ်းမကြီးပေါ်၌ ဖြတ်သန်းသွားလာသည့် ပြည်သူများထံ အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀







**○ ရှေ့ဖုံးမှ**

ရင်းနှီးခင်မင်မှု၊ အပြန်အလှန်နားလည်လေးစားမှုနှင့် အကူအညီပေးမှုများကို ပြန်လည်အမှတ်ရပါကြောင်းနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် မျှဝေသည့် အနာဂတ်အသိုက်အဝန်းတစ်ခုကို ပူးပေါင်းတည်ဆောက်ရာတွင် အရေးပါသော စင်္ကြံတစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပါအဝင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများနှင့် နှစ်နိုင်ငံရေးရာနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာပြည်သူများ၏ အကျိုးစီးပွားအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဆက်လက်၍ အကူအညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ယင်းနောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၄)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက်ကို ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်တို့က လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

အဆိုပါသဘောတူညီချက်အရ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် မြန်မာနိုင်ငံ၏ ဝန်ကြီးဌာန ခြောက်ခုက အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း စုစုပေါင်း ၁၂ ခုအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်းခန့်ကို တရုတ်နိုင်ငံက မြန်မာနိုင်ငံထံသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ပြီး အဆိုပါစီမံကိန်း ၁၂ ခုကို စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ သစ်တောဆိုင်ရာ အရင်းအမြစ်များ ကာကွယ်ထိန်းသိမ်းရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုသော အလေ့အထနှင့် တီထွင်ဆန်းသစ်မှုများ ဆောင်ရွက်ရေး၊ ကျေးရွာအဆင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သတင်းအချက်အလက်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုနှင့် ယဉ်ကျေးမှုကဏ္ဍ မြှင့်တင်ရေး စသည့် နယ်ပယ် များ၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံက ထောက်ပံ့ပေးအပ်သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေမှတစ်ဆင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၃၅ သန်းခန့် တန်ဖိုးရှိသော ကဏ္ဍပေါင်းစုံ စီမံကိန်း ၁၁၈ ခုကို လက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀

**နိုင်ငံအဝန်း**
**သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၄ ခုနှစ် (ဒုတိယအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ





**မန္တလေး ဇွန် ၁၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (ဒုတိယအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၇ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၅၁လမ်း၊ လမ်း ၃၀နှင့် ၃၃လမ်းကြား၌ ကျင်းပပြုလုပ်ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်ချီးမြှင့်ပြီး အရိပ်ရ မယ်ဇယ်ပင်အား စိုက်ပျိုးပေးသည်။

သစ်ပင်စိုက်ပျိုးပွဲတော်သို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်းနှင့် ဌာနမှူးများ၊ ဒုတိယဌာနမှူးများနှင့် အရာထမ်းများ၊ ချမ်းအေးသာစံမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာအသီးသီးတွင် မယ်ဇယ်ပင်များကို တစ်ပြိုင်တည်း စတင်စိုက်ပျိုးပေးကြပြီးနောက် ဝန်ထမ်းများ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနအနေဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီကာလအတွင်း အရိပ်ရ နေကာ၊ လေကာပင် ၂၀၀၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားကြောင်းနှင့် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်၌ အရိပ်ရပင် ၃၉၉၀ ပင် စိုက်ပျိုးခဲ့ပြီး ယခု ဒုတိယအကြိမ်မြောက်တွင် အရိပ်ရ မယ်ဇယ်ပင် ၃၃၅ ပင်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မတ္တရာမြို့နယ်၌ ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ် သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲ ကျင်းပ



**မတ္တရာ ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ဇွန် ၁၄ ရက်တွင် ကျရောက်သည့် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် သွေးလှူရှင်အသင်းများနှင့် သွေးအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မတ္တရာမြို့နယ်လုံးဆိုင်ရာ ပရဟိတအသင်းချုပ် အောင်မြေသုခ ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ခေမိဿရက ဩဝါဒကထာ မြွက်ကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်အောင်ကျော်က ကမ္ဘာ့သွေးအလှူရှင်များနေ့ အကြောင်းကိုရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဆရာတော်များ၊ မြို့နယ်ဆရာဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွေးအလှူရှင်အသင်းများနှင့် သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

(ဝဲပုံ)

မတ္တရာမြို့နယ်၌ သွေးလှူရှင်အသင်းများမှ သွေးလှူဒါန်းမှုအလှူရှင်များမှာ အေသွေး(၂၆၉)ဦး၊ ဘီသွေး(၂၇၀)ဦး၊ အိုသွေး(၃၄၀)ဦး အေဘီသွေး(၅၄)ဦး၊ စုစုပေါင်း(၉၅၈)ဦးတို့မှ မြို့နယ်အတွင်း သွေးလိုအပ်သော လူနာရှင်များအတွက် သွေးများလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



## မြင်းခြံမြို့၌ "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေးပိုစတာစိုက်ထူ

**မြင်းခြံ ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်တွင် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ပြည်သူများသိရှိနိုင်စေရန်အတွက် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေးပိုစတာ စိုက်ထူခြင်းကို ယနေ့နံနက် ၈ နာရီက ခရိုင်၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနရုံးရှေ့တွင် ကျင်းပသည်။

အဆိုပါ "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေးပိုစတာစိုက်ထူခြင်း၊ ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းခြင်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမြတ်ဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းစိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးအောင်တို့က ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းစိန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လမ်းသွားလမ်းလာပြည်သူများအား "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၆)

## မဟာအောင်မြေမြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ဇွန် ၁၃ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်(၃)ဖြင့် မဟာအောင်မြေမြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း၌ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ **(အောက်ယာပုံ)**

အဆိုပါ ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်နှင့် ဝန်ထမ်းများက အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၁၃၁ဦးအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ဇွန် ၁၂ ရက်နံနက်ပိုင်းကလည်း အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၇၇ ဦးအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေမြို့နယ်ဦးစီးမှူးရုံးအနေဖြင့် မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ မရှိသေးသော ပြည်သူများကို ပန်းခင်းစီမံချက် (၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၅၆)**



# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၁၄

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး သရက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မကွေးတိုင်းဒေသကြီး သရက်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားလေးဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# မတ္တရာမြို့နယ်ရှိ ကျေးရွာနှစ်ရွာမှ နေအိမ်များနှင့် ဆိုင်ကယ် အစီး ၃၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၁၄

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၂ ရက်တွင် ရှင်လှ (တောင်) ကျေးရွာနှင့် ရှင်လှ (အလယ်) ကျေးရွာတို့ကို ဝင်ရောက်စီးနင်းပြီး နေအိမ် ၁၂ လုံးနှင့် ဆိုင်ကယ်အစီး ၃၀ ကျော်တို့ကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊သတင်းအမှားများကိုတရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ ရှင်လှ (တောင်) ကျေးရွာနှင့် ရှင်လှ (အလယ်) ကျေးရွာတို့တွင် အကြမ်းဖက်သမားများက ပြည်သူများကို ခြိမ်းခြောက်၍ နေအိမ်အချို့နှင့် ကျေးရွာအတွင်းရှိ အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းများတွင် မိုင်းထောင်ထားရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ အန္တရာယ်မဖြစ်ပွားစေရေးအတွက် သွားရောက်ရှင်းလင်းဆောင်ရွက်နေစဉ်တွင် အကြမ်းဖက်သမားများက Drop ဗုံးများဖြင့် လာရောက်တိုက်ခိုက်ခဲ့သည့်အတွက် နေအိမ်များ ထိခိုက်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ယင်းဖြစ်စဉ်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာဖြစ်ပြီး ပြည်သူများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လျှော့နည်းပပျောက်ပြီး တည်ငြိမ်အေးချမ်းမှု မပျက်ပြားစေရန်အတွက် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်များတွင် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက နီးစပ်ရာလုံခြုံရေးတပ်စခန်းများသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်ထားသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၄

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၁၃ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Thura” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြို့ပြင်ကြီးကျေးရွာနေ သူရဖြိုးဝေအား ညနေ ၆ နာရီခွဲတွင်လည်းကောင်း၊ “Si Thu Phyo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် လယ်ဝေးမြို့နယ် ပေပင်ကျေးရွာနေ စည်သူဖြိုး (ခ) စည်သူအား ည ၇ နာရီ ၂၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သတ်မှတ်ကာလကျော်လွန် အရေးယူမှုများရှိမည်ဖြစ်၍ အီဂျစ်ရောက် မြန်မာနိုင်ငံသားများအနေဖြင့် နေထိုင်ခွင့်နှင့် ပတ်သက်၍ အချိန်မီဆောင်ရွက်ရန် သံရုံးသတိပေး

ရန်ကုန် ဇွန် ၁၄

သတ်မှတ်ကာလကျော်လွန် အရေးယူမှုများရှိမည်ဖြစ်၍ အီဂျစ်ရောက် မြန်မာနိုင်ငံသားများအနေဖြင့် နေထိုင်ခွင့်နှင့်ပတ်သက်၍ အချိန်မီဆောင်ရွက်ရန် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးက သတိပေးတိုက်တွန်းနှိုးဆော်ထားသည်။

အီဂျစ်နိုင်ငံ၌ နေထိုင်လျက်ရှိသည့် နိုင်ငံခြားသားများအနေဖြင့် အီဂျစ်နိုင်ငံတွင် နေထိုင်စဉ်ကာလအတွင်း သက်တမ်းရှိသည့် နေထိုင်ခွင့်(Stay Permit)များ လျှောက်ထားဆောင်ရွက်ကြရန် အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံကူးလက်မှတ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားများဌာန (General Authority of Passport, Immigration and Nationality)မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်းလည်း သံရုံး၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယခုအခါ အီဂျစ်နိုင်ငံတွင် ရောက်ရှိနေထိုင်လျက်ရှိသော နိုင်ငံခြားသားများအားလုံးအနေဖြင့် နေထိုင်ခွင့်ကတ်(Resident Card)ကို ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက် နောက်ဆုံးထား၍ အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံကူးလက်မှတ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားများဌာနထံတွင် လျှောက်ထားကြရန် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အသိပေးအကြောင်းကြားလာသည်ဟု ပါရှိသည်။

ထို့ကြောင့် အီဂျစ်နိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေထိုင်လျက်ရှိသော မြန်မာနိုင်ငံသားများအနက် အီဂျစ်နိုင်ငံတွင် နေထိုင်ခွင့်ကတ်မရှိသေးသူ(သို့မဟုတ်)သက်တမ်းကုန်ဆုံးနေသူများအနေဖြင့် နေထိုင်ခွင့်ကတ်များကို ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက် နောက်ဆုံးထားလျှောက်ထားရန် လိုအပ်မည်ဖြစ်ကြောင်းလည်း သံရုံး၏ ထုတ်ပြန်ချက်၌ ပါရှိသည်။

ထိုသို့ လျှောက်ထားခြင်းမပြုပါက ၂၀၂၄ ခု စက်တင်ဘာ ၃၀ ရက် နောက်ပိုင်းမှစတင်၍ အီဂျစ်အစိုးရက အရေးယူမှုများကို ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အီဂျစ်နိုင်ငံတွင် ပညာသင်ကြားနေသူများအနေဖြင့် ပြည်နေထိုင်ခွင့်ကတ်အပြင် သက်ဆိုင်ရာကျောင်း/တက္ကသိုလ်များမှ ထုတ်ပေးထားသည့် ကျောင်းသားကတ်ကိုပါ တာဝန်ရှိသူများ စစ်ဆေးသည့်အခါ ကြည့်ဖြူစွာ စစ်ဆေးခံယူခြင်းနှင့် ကူညီပေးနိုင်ရေး သက်ဆိုင်ရာနိုင်ငံသားများသို့ အသိပေးထားရှိပေးပါရန် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြောင်းကြားလာသည်ဟု ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ MT

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## RM ၏ Right Person, Wrong Person ၏ ထူးခြားချက်များ ပေါ်ထွက်လာ



BTS အဖွဲ့ခေါင်းဆောင် Kim Namjoon ခေါ် RM ၏ တစ်ကိုယ်တော်ဂီတအယ်လ်ဘမ် Right Person, Wrong Person ၏ ထူးခြားချက်များ ပေါ်ထွက်လာပြီး သီချင်းသုံးပုဒ် ပိတ်ပင်ခံရသည်ဟု အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အယ်လ်ဘမ်၏ ထူးခြားချက်များတွင် နာမည်ကြီး အနုပညာရှင်များဖြစ်သည့် ဘာလက် မင်းတိုက်ဂါး၊ ယူဝဲလ်၊ Kim Namjoon၊ ဂျက်ဖ်၊ အာလီ၊ လစ်တာ ဆမ်ဖ်တို့ကို အတူတွေ့ရခြင်း၊ ပျော်ရွှင်စရာဂီတအဖြစ် ဖန်တီးထားခြင်း၊ ဂီတကို ချစ်မြတ်နိုးမှုရှိခြင်း၊ မတူညီသော ကာလာအရောင်များနှင့် ဖန်တီးထားခြင်းတို့ဖြစ်သည်။

နက်ရှိုင်းသောဂီတကို indie အဖွဲ့နှင့် လက်တွဲခဲ့ပြီး ကမ္ဘာ့အဆင့်မီ အနုပညာရှင်များ ပေါင်းစည်းပေးခြင်း၊ ဂီတသစ်ကို စိန်ခေါ်ခြင်းဖြင့် Global Pop Star ဖြစ်ခဲ့ခြင်း၊ ကိုယ်ပိုင်နည်းလမ်းနှင့် သီချင်းမှတစ်ဆင့် ပြောချင်သော အရာမျိုးဖော်ပြနိုင်ခြင်း၊ မတူညီမှုကို ချပြနိုင်ခြင်းတို့ဖြစ်သည်။

အရည်အချင်းပြည့်မီသည့် အနုပညာရှင် RM ဟု မှတ်ချက်ပေးထားသော်လည်း သီချင်းသုံးပုဒ် ပိတ်ပင်ခံခဲ့ရသည်။ (SKY)

## Hunag Zitao က မိဘနှစ်ပါး ကျေးဇူးတရားကို ပြောကြား

တရုတ်အနုပညာလောကမှ ဆတ်ဆတ်ထိမခံသည့် ကိုလူချော ဟု နာမည်ကြီးနေသည့် အဆိုတော်၊ သရုပ်ဆောင်၊ ကုမ္ပဏီပိုင်ရှင်၊ EXO အဖွဲ့ဝင်ဟောင်း Huang Zitao က ရသစုံရှိုးတစ်ခုတွင် မိဘနှစ်ပါး ကျေးဇူးတရားကို ပြောကြားသွားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အစီအစဉ်တွင် Huang Zitao က လက်ရှိအနုပညာလောကတွင် ရပ်တည်နေနိုင်ခြင်းမှာ ဆယ်ကျော်သက်အရွယ်က ဝုရှုးလေ့ကျင့်နေခဲ့ပြီး မိသားစု စီးပွားကျချိန်၌ အိပ်မက်နောက်လိုက်ချင်သည်ဟု ပြောခဲ့၍ မိဘများက သွားခွင့်ပြုခဲ့၍ တောင်ကိုရီးယားသို့ လေ့ကျင့်ရန် မိသားစုသုံးဦးမှ ခွဲထွက်လာခဲ့သည်ဟု ပြောကြားခဲ့သည်။



ဆက်လက်၍ Huang Zitao က သူ့အဖေ အသက်ဆက်ရှင်ရန် သူ့အသက်ဆယ်နှစ်နှုတ်ပေးနိုင်သည်ဟုဆိုကာ ကျေးဇူးအတင်ဆုံးမှာ မိဘနှစ်ပါးဟု ထုတ်ဖော်ပြောကြားသွားသည်။

အဖေချစ်သောသား Huang Zitao မှာ ဖခင်ကို တသသလွမ်းဆွတ်ရင်း အမွေဆက်ခံ၍ ကုမ္ပဏီလုပ်ငန်းနှင့် အနုပညာခရီးလမ်းကို ဆက်လျှောက်နေသည်။ (SKY)

## V@Kim Taehyung က အကကို နှစ်သက်၍ ကခဲ့သည်

BTS အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး တေးရေး၊ တေးဆို၊ ထုတ်လုပ်သူ၊ သရုပ်ဆောင် V ခေါ် Kim Taehyung သည် အကကို နှစ်သက်မြတ်နိုးသူဖြစ်၍ သင်တန်းသားဘဝတွင်ပင် ကခဲ့သည့် ဗီဒီယို ထွက်ရှိလာသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သင်တန်းသားဘဝ အားလပ်ရက်တွင် အနုပညာကို မြတ်နိုးပြီး အကကိုနှစ်သက်သော V ခေါ် Kim Taehyung က အက ဗီဒီယိုထွက်ရှိလာခြင်းဖြစ်ကာ လေ့ကျင့်မှုမရှိဘဲ သူ၏ အကအဖွဲ့ဝင်များနှင့် ကပြထားသည်။

အကကိုနှစ်သက်၍ ပညာရှင်ဆန်ဆန် ကနိုင်ရန် လေ့လာခဲ့ခြင်းမှာ ကရသည်ကို ကြိုက်၍ဖြစ်ပြီး သူကြိုက်နှစ်သက်သည့်နည်းလမ်းနှင့်ကခဲ့ကာ ထိုအရာကပင် သူမည်သူဆိုသည်ကို ဦးဆောင်လမ်းပြသည်ဟု ထင်ပြီး ကခုန်နေချိန်တွင် မိမိကိုယ်ကို သတိမထားမိဘဲ သူ့စိတ်နှလုံးက အကသွားရာအတိုင်း လိုက်သွားသည်ဟု V က ဝေမျှပြောကြားထားသည်။

ပရိသတ်များက V ၏ အကကို သဘောကျ နှစ်ခြိုက်၍ အားပေးထားကြသည်။ (SKY)





## Lee Yi Kyung နှင့် Jin တို့ ငယ်သူငယ်ချင်းအဖြစ် တွေ့ရ

သဘာဝသရုပ်ဆောင် မင်းသား၊ ဂင်ချားနား ခေါ် Lee Yi Kyung နှင့် BTS မှ Jin ခေါ် Kim Seok Jin တို့နှစ်ဦးမှာ အနုပညာသင်တန်းကျောင်း အတူတက်ခဲ့ကြသည့် ငယ်သူငယ်ချင်းများဖြစ်ကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အသက်(၁၈)နှစ်အရွယ်တွင် အနုပညာသင်တန်းကျောင်းကို အတူတက်ခဲ့ကြသော Lee Yi Kyung နှင့် Jin တို့နှစ်ဦးမှာ အနုပညာဆုပေးပွဲတစ်ခုတွင် ပြန်ဆုံကြပြီး သရုပ်ဆောင်နှင့် အဆိုတော်အဖြစ် တွေ့ခဲ့ကြရသည်။

Lee Yi Kyung က အင်တာဗျူးတစ်ခုတွင် ထိုအကြောင်းအရာကို ပြောကြားခဲ့ပြီး Jin သည် World Wide Handsome ဟူသော စကားနှင့်အညီ ငယ်စဉ်ပင် ချောမောသူဖြစ်သည်ဟု ထောက်ခံသွားခဲ့သည်။

Jin ခေါ် Kim Seok Jin မှာ ချောမောခန့်ညား၍ အသံကောင်းမွန်သူဖြစ်ပြီး သရုပ်ဆောင်လည်း ကောင်းမွန်သဖြင့် ပရိသတ်များက သရုပ်ဆောင်အဖြစ် မြင်တွေ့ချင်နေကြသည်။ (SKY)

## Aamir Khan ထုတ်လုပ်ရိုက်ကူးသည့် Laapataa Ladies မှာ အနုပညာစစ်ကို ပြသထား

ဘောလိဝုဒ်မင်းသား Aamir Khan ထုတ်လုပ်၍ ဇနီးဟောင်း ရိုက်ကူးထားသည့် Laapata Ladies (ပျောက်ဆုံးနေသည့် သတို့သမီး)မှာ ကုန်ကျစရိတ် နည်းနည်းနှင့် အနုပညာစစ်စစ်ကို ပြသထားသည်ဟု ဟောလိဝုဒ် အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၄ခုနှစ်တွင် Aamir Khan ပိုင်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ခဲ့သည့် အဆိုပါရုပ်ရှင်ကို ဇနီးဟောင်း ကီရန်ရောဝ်က ရူပီး လေးကုဋေနှင့်သာ အကုန်ခံရိုက်ကူးပြီး (၂၆)ကုဋေရသည်အထိ အောင်မြင်ခဲ့သည်။

ယင်းရုပ်ရှင်တွင် နာမည်ကြီး အနုပညာရှင်များ အသုံးမပြုထားဘဲ ရိုးရှင်းသော ရိုက်ချက်များနှင့် အမျိုးသမီးများ၏ ပညာသင်ခွင့်၊ အလုပ်လုပ်ခွင့်၊ အဓမ္မအိမ်ထောင်ချပေးခြင်း၊ အိမ်တွင်းအကြမ်းဖက်မှု၊ အမျိုးသမီးများ တင်တောင်းရသည့် ခန်းဝင်ကြေးအပါအဝင် အဖိနှိပ်ခံ၊ အလွှမ်းမိုးခံ ကျေးလက်နေ အမျိုးသမီးများဘဝကို အလှပဆုံး ပုံဖော်ရိုက်ကူးထားသဖြင့် အဆင့်အတန်းအရှိဆုံး၊ အကောင်းအဆုံး ရုပ်ရှင်အဖြစ် ၂၀၂၄ခုနှစ်တွင် သတ်မှတ်ခံရသည်။ (SKY)



## ကျောက်ကပ် ထိခိုက်စေသည့် စားသောက်ပုံ အမှားများကြောင့် ကျောက်ကပ်ကင်ဆာ ဖြစ်ပွားနိုင်

ကျောက်ကပ်ထိခိုက်စေသည့် စားသောက်ပုံအမှားများသည် ကျောက်ကပ်ကို ထိခိုက်စေရုံသာမက ကျောက်ကပ်ကင်ဆာ ဖြစ်ပွားနိုင်ခြေကိုပါ ပိုမိုမြင့်မားလာစေနိုင်ကြောင်း တိုင်းမ်စ်နောင်းနယူးစ် သတင်းဌာနက ဖော်ပြသည်။

ကျောက်ကပ်ကင်ဆာ တိုက်ရိုက်ဖြစ်ပွားစေသည့် အကြောင်းရင်းများကို တိတိကျကျ မသိရှိသေးသော်လည်း အလွယ်စားသုံးနိုင်အောင် အဆင့်ဆင့်ပြုလုပ်ထားသည့် အစားအစာများကို ပုံမှန်စားသုံးခြင်း၊ အငန်အစားများခြင်း၊ အကိုက်အခဲပျောက်ဆေးများ မှီဝဲခြင်း၊ ရေလုံလောက်စွာမသောက်ခြင်းနှင့် အရက် အလွန်အကျွံသောက်သုံးခြင်း စသည်တို့က ကျောက်ကပ်ကင်ဆာ ဖြစ်ပွားနိုင်ခြေများပြားစေသည်။

အချက်အလက်များအရ ကင်ဆာရောဂါများတွင် ကျောက်ကပ်ကင်ဆာဖြစ်ပွားမှုသည် ကမ္ဘာ့အဆင့်(၁၄)၌ ရှိနေပြီး နှစ်စဉ်ဖြစ်ပွားနှုန်း လေးသိန်းကျော်ရှိကြောင်း သိရသည်။ (SCI)

## G Dragon က KAIST Innovate Korea 2024 Lecture တွင် ဟောပြောပို့ချမည်

တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် KAIST Innovate Korea 2024 Lecture တွင် အဆိုတော် ဂီတမှူး၊ ထုတ်လုပ်သူ G Dragon ခေါ် Kwon Ji-yong က ဟောပြောပို့ချမည်ဖြစ်သည်ဟု အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါဟောပြောပွဲကို လက်မှတ်တစ်စောင်လျှင် ဝမ်တစ်သိန်းနှစ်သောင်း၊ မြန်မာငွေ သုံးသိန်းကျော်နှင့် ရောင်းချမည်ဖြစ်ပြီး ကေပေါ့ပ်ဘုရင်ဟု သတ်မှတ်ခံရသည့် အဆိုတော်၊ ဂီတမှူး၊ ထုတ်လုပ်သူ G Dragon က ဟောပြောပို့ချမည် ဖြစ်သည်။

ဖျော်ဖြေပွဲများပြုလုပ်ခြင်းမရှိသေးသည့် တောင်ကိုရီးယားတွင် Talk Show များနှင့် အနုပညာရှင်များကို တွေ့ခွင့်ရရှိမည်ဖြစ်၍ ပရိသတ် စိတ်ဝင်စားမှု မြင့်မားနေကာ G Dragon ပရိသတ်များ သည်းသည်းလှုပ် အားပေးထားကြသည်။ (SKY)



# တက်စလာအမှုဆောင်အရာရှိချုပ် အီလွန်မတ်စ် ခံစားခွင့် ဒေါ်လာ ၅၆ ဘီလျံ ရယူသင့်သည်ဟု ဆို




**ဝါရှင်တန် ဇွန် ၁၄**

တက်စလာအမှုဆောင်အရာရှိချုပ် အီလွန်မတ်စ်အနေဖြင့် ၎င်း၏လစာအကျိုးခံစားခွင့် ဒေါ်လာ ၅၆ ဘီလျံ ရယူသင့်သည်ဟု အစုရှယ်ယာဝင်အများစုက ထောက်ခံလိုက်သည်ဟု ဇွန် ၁၃ ရက်တွင် တက်စလာကုမ္ပဏီက သတင်းထုတ်ပြန်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူအုပ်စုအချို့နှင့် ယင်းအုပ်စုများနှင့် ပါဝင်ပတ်သက်သူများက လစာအဖြစ် ခံစားခွင့်ပြုပေးရမည့်ပမာဏ များလွန်းသဖြင့် ဒီလာဝဲတရားရုံးတွင် စွဲဆိုထားသောအမှုတွင် တရားပြိုင်ဘက်က လိုက်ခဲ့ကြသည်။

အီလွန်မတ်စ်အနေဖြင့် ထိုအကျိုးခံစားခွင့် ရယူသင့်သည်ဟု တက်စလာ လက်လီအရောင်းဆိုင်များမှ ကုမ္ပဏီအစုရှယ်ယာဝင်အများစုက ဇွန် ၁၃ ရက် တက်စလာနှစ်ပတ်လည်အစည်းအဝေးတွင် တခဲနက်ထောက်ခံလိုက်ကြသဖြင့် ဒီလာဝဲတရားရုံး၏ အမိန့်အပေါ် လွှမ်းမိုးအကျိုးသက်ရောက်သွားခဲ့သည်။

သို့ရာတွင် အခြားအမှုတစ်မှုလည်း ကျန်ရှိနေသေးရာ အီလွန်မတ်စ်အတွက် နောက်ဆုံးရလဒ်ပေါ်ထွက်ရန် ဆက်လက်စောင့်ဆိုင်းရဦးမည်ဖြစ်ကြောင်း သိရသည်။ **Mon**



# ပရဇေဝေါလ်စကီးမြင်းရိုင်း ခုနစ်ကောင်ကို ကာဇက်စတန်စားကျက်ထဲသို့ လွှတ်ပေးခဲ့

**ပရာ့ဂ် ဇွန် ၁၄**

ပရဇေဝေါလ်စကီးမြင်းရိုင်း ခုနစ်ကောင်ကို ကာဇက်စတန်စားကျက်ထဲသို့ ဇွန်လဆန်းပိုင်းကတည်းက လွှတ်ပေးခဲ့သည်ဟု ပရာ့ဂ်တိရစ္ဆာန်ရုံ ပြောခွင့်ရသူ ဖိလစ်မာဆက်က ထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ချက်သမ္မတနိုင်ငံ ပရာ့ဂ်တိရစ္ဆာန်ရုံက တာဝန်ယူကာ မျိုးတုံးတော့မည့် ထိုမြင်းရိုင်းများ ကိုထိန်းသိမ်းကာ မူလစားကျက်နေရာသို့ ပြန်လွှတ်ပေးခဲ့ခြင်း ဖြစ်သည်။

ထိုမြင်းရိုင်းများကို ရုရှားစွန့်စားသွားလာသူ ပရဇေဝေါလ်စကီးက ၁၈၇၉ ခုနှစ်တွင် တွေ့ရှိမှတ်တမ်းတင်ခဲ့သဖြင့် ၎င်း၏အမည်မှည့်ခေါ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# အပူလွန်ကဲမှု နွေစိုက်ခင်းများအပေါ် သက်ရောက်နိုင်၊ တရုတ်စိုက်ပျိုးရေးဝန်ကြီးဌာနက ကြိုတင်သတိပေးထား

**ပေကျင်း ဇွန် ၁၄**

တရုတ်နိုင်ငံ ဟေပိုင်၊ ဟေနန်၊ ရှန်တောင်းပြည်နယ်တို့တွင် ရက်အနည်းငယ်အတွင်းက ရာသီဥတုအပူချိန် ၄၄ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ မြင့်တက်လာခဲ့ရာ ယင်းအပူလွန်ကဲမှုသည် နွေစိုက်ခင်းများအပေါ် ဆိုးကျိုးသက်ရောက်နိုင်သည်ဟု ဇွန် ၁၃ ရက်တွင် တရုတ်စိုက်ပျိုးရေးဝန်ကြီးဌာနက ကြိုတင်သတိပေးထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မြင့်တက်လာသောအပူချိန်ကြောင့် မြေဆီလွှာအောက်ပိုင်းရှိ ရေအစိုဓာတ် လျော့နည်းခန်းခြောက်နိုင်သဖြင့် အထူးသတိပြုကြရန် ထိုဝန်ကြီးဌာန၏ အသိပေးချက်တွင် ဖော်ပြသည်။

အထူးသဖြင့် ရှန်တောင်းနှင့် အခြားပြည်နယ်အချို့တွင် နွေရာသီဂျုံစိုက်ခင်းများ ရိတ်သိမ်းခါနီးချိန်၌ ထိုသို့အပူလွန်ကဲနေခြင်းဖြစ်ရာ သီးနှံထုတ်လုပ်မှု မထိခိုက်စေရန် စိုက်ပျိုးရေးဌာနက ကြပ်မတ်ဆောင်ရွက်သွားမည်ဟု ဆိုသည်။

အာရှတိုက်အတွင်းရှိ အခြားနိုင်ငံများတွင်လည်း ယခုနှစ်နွေရာသီအတွင်း အပူလွန်ကဲမှု ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ **Mon**






အီတလီနိုင်ငံ၌ လက်ခံကျင်းပသော ခုနစ်နိုင်ငံအုပ်စု ထိပ်သီးညီလာခံသို့ တက်ရောက်လာသည့် ခေါင်းဆောင်များကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။ **Mon**



# ကူဝိတ်နိုင်ငံ၌ မီးလောင်သေဆုံးခဲ့သူ ၄၅ ဦးကို အိန္ဒိယလေတပ်က လေယာဉ်ဖြင့် တင်ဆောင်လာ

**ဒေလီ ဇွန် ၁၄**

ကူဝိတ်နိုင်ငံ မန်ဂတ်မြို့၌ ဇွန် ၁၂ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုတွင် သေဆုံးခဲ့သည့် အလုပ်သမား ၄၅ ဦး၏ ရုပ်အလောင်းများကို အိန္ဒိယလေတပ်က လေယာဉ်ဖြင့် တင်ဆောင်လာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မန်ဂတ်မြို့ရှိ အလုပ်သမားများ နေထိုင်သောတိုက်တန်းတွင် မီးလောင်မှု ဖြစ်ပွားရာမှ လူ ၅၀ ဦး သေဆုံးခဲ့ရာ ၄၅ ဦးသည် အိန္ဒိယနိုင်ငံသားများဖြစ်ပြီး သုံးဦးမှာ ဖိလစ်ပိုင်နိုင်ငံသားများ ဖြစ်သည်။

ကျန်နှစ်ဦးမှာ မည်သည့်နိုင်ငံမှဖြစ်သည်ကို မဖော်ထုတ်နိုင်သေးသဖြင့် စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။ **Mon**

# ထိုင်းနိုင်ငံအလယ်ပိုင်းမှ ဆင်မကြီး ချမ်ချူရီ အထီးနှင့် အမ ဆင်အမြွှာနှစ်ကောင် မွေးဖွား

**ဘန်ကောက် ဇွန် ၁၄**

ထိုင်းနိုင်ငံအလယ်ပိုင်းမှ ဆင်မကြီး ချမ်ချူရီ မကြာသေးမီက အထီးနှင့် အမ ဆင်အမြွှာနှစ်ကောင် မွေးဖွားခဲ့သည်ဟု အယုဒ္ဓယဆင်နန်းတော်က သတင်းထုတ်ပြန်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပထမမွေးလာသော ဆင်ပေါက်ကလေးသည် အထီးဖြစ်ပြီး ၎င်းမွေးလာပြီးနောက် ဆင်ထိန်းများက လိုအပ်သော ဆေးကြောသုတ်သင်မှုပြုလုပ်ရန် ပိုင်းလာကြစဉ် အမြွှာဆင်ပေါက် အမတစ်ကောင်ကို ဆင်မကြီးက ထပ်မွေးခဲ့ခြင်းဖြစ်သည်။

ဆင်အမြွှာမွေးခြင်းသည် ဆင်အမအကောင်တစ်ရာတွင် တစ်ကောင်မွေးခဲသဖြင့် အလွန်ရှားပါးသော ဖြစ်ရပ်တစ်ခုဖြစ်ပြီး အထီးနှင့် အမ အမြွှာနှစ်ကောင်မွေးခြင်းသည် ပို၍ပင် ရှားပါးကြောင်း ထိုင်းဆင်ထိန်းများက ထုတ်ဖော်ပြောကြားသည်။

ထိုသို့မွေးဖွားခဲ့သော အထီးနှင့် အမ အမြွှာနှစ်ကောင်၏ ဓာတ်ပုံများကို အယုဒ္ဓယဆင်နန်းတော်က အင်တာနက်လူမှုကွန်ရက်ပေါ်သို့ လွှင့်တင်ထားရာ ကြည့်ရှုသူပရိသတ် အလွန်များနေကြောင်း သိရသည်။ **Mon**



# ဟူသီသူပုန်တို့ ဒုံးလက်နက်ဖြင့် ပစ်ခတ်တိုက်ခိုက် ကုန်သင်္ဘော ထိမှန်ပျက်စီး၊ လူတစ်ဦး ဒဏ်ရာရရှိ

**ဝါရှင်တန် ဇွန် ၁၄**

ဧဒင်ပင်လယ်ကွေ့အတွင်း ယီမင်နိုင်ငံမှ ဟူသီသူပုန်တို့က ဇွန် ၁၃ ရက်တွင် ဒုံးလက်နက်ဖြင့် ပစ်ခတ်တိုက်ခိုက်ရာ ဖြတ်သန်းခုတ်မောင်းနေသော ကုန်သင်္ဘောတစ်စင်း ထိမှန်ပျက်စီးပြီး သင်္ဘောသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဒဏ်ရာပြင်းထန်သော ထိုသင်္ဘောသားကို အမေရိကန်စစ်တပ်က ရဟတ်ယာဉ်ဖြင့် ဆေးကုသရန် ခေါ်ဆောင်သွားပြီးနောက် ဟူသီသူပုန်တို့ကို တုံ့ပြန်တိုက်ခိုက်ခဲ့ကြသည်။

အမေရိကန်အလယ်ပိုင်းစစ်ဌာနချုပ်က ၂၄ နာရီအတွင်း ဟူသီသူပုန်အုပ်စု၏ ကင်းလှည့်ရေယာဉ် နှစ်စင်း၊ လူလိုက်ပါခြင်းမရှိသော သင်္ဘောတစ်စင်းနှင့် ဒရုန်းတစ်စင်းတို့ကို ပင်လယ်နီရေပိုင်နက်ထဲ၌ တိုက်ခိုက်နိုင်ခဲ့သည်။

အီရန်က နောက်ကွယ်မှ ထောက်ပံ့ထားသည်ဟု ယူဆရသော ဟူသီသူပုန်အုပ်စုသည် ဧဒင်ပင်လယ်ကွေ့နှင့် ပင်လယ်နီအတွင်း ဖြတ်သန်းခုတ်မောင်းလာသော အစ္စရေး၊ အမေရိကန်စသော အနောက်အုပ်စုဝင်နိုင်ငံများနှင့် ဆက်နွယ်သော သင်္ဘောများကို ရန်ပြုတိုက်ခိုက်နေကြခြင်းဖြစ်ကြောင်း သိရသည်။ **Mon**







## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ညောင်ဦး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်းရှိ ကျောင်းသား၊ကျောင်းသူများနှင့် ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို ဇွန် ၉ ရက် နံနက် ၉ နာရီခွဲက ကျန်းမာရေး ဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ **(ဝဲပုံ)**

ဖုံး၊ သွန်၊ လဲ၊ စစ်ကွင်းဆင်းဆောင်ရွက်ရာတွင် အ·ထ·က၊ အမကကျောင်းများနှင့် မြို့နယ်အတွင်းရှိ လူနေအိမ်များရှိ အုတ်ကန်၊ ရေစည်ပိုင်း၊ သံပေပါများထဲသို့ အဘိတ်ဆေးခတ်ခြင်း၊ ရေတင်ကျန်နိုင်သည့် နေရာများတွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ခြင်သားလောင်းပေါက်များ မပေါက်ပွားနိုင်အောင် အသိပညာပေး၊ ဟောပြောခြင်း လုပ်ငန်းများကိုဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာ ညောင်ဦးမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာဇာဝင့်နှင့်အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၈၁)**

## (၆)ဘီးယာဉ်လမ်းချော်ပြီး မြေသားလမ်းပေါ်ရောက်ရှိ

**မန္တလေး ဇွန် ၁၄**

ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင် အမှတ်(၁၇၉/၇) အနီးတွင် ဇွန် ၁၃ ရက် နံနက် ၆ နာရီခန့်က ကုန်များတင်ဆောင်လာသော နီဆန်းအမျိုးအစား (၆)ဘီးယာဉ်သည် လမ်းချော်ပြီး မြေသားလမ်းပေါ်ရောက်ရှိပြီး နွံနစ်သွား၍ အကူအညီတောင်းခံသဖြင့် သာဂရအမြန်လမ်းမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက သွားရောက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) (၀၄၅)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဗန်းမော်နှင့် မြစ်ကြီးနားတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ဗန်းမော် ဇွန် ၁၄**

ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး လုပ်ငန်းကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ နယ်မြေခံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ၏ သတင်းရယူဖော်ထုတ်မှုဖြင့် ဗန်းမော်မြို့နှင့် မြစ်ကြီးနားမြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက ဗန်းမော်မြို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(၁)မှ ဒုရဲအုပ် ကျော်သူအောင်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးသတင်းအရ ဗန်းမော်မြို့၊ဆင်ကုန်းရပ်ကွက်၊ ဆင်ကုန်းဘုန်းကြီးကျောင်းအနီး ဦးတေဇောလမ်းတွင် စောင့်ဆိုင်းနေစဉ် ရွှေတောင်တန်း ဆီဆိုင်ဘက်မှ သဘော်ဆိပ်သွား လမ်းဘက်သို့ အေးအေးခိုင် မောင်းနှင်လာသော နံပါတ်မပါ PINBO-125 အမျိုးအစား ဆိုင်ကယ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ ၄င်း ဝတ်ဆင်ထားသည့် APPLE စာတန်းပါ အနွေးထည် အင်္ကျီယာဘက် အိတ်ကပ်အတွင်းမှ ပိုျမေစာတန်းပါ အနက်ရောင် ပလတ်စတစ်အိတ်အတွင်း အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် တံဆိပ်မပါ ခရမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ပါ တစ်ထုပ်နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား ရှာဖွေတွေ့ရှိခဲ့ပြီး ၄င်းအား စစ်မေးရာ သိမ်းဆည်းရမိသော သက်သေခံမူးယစ်ဆေးဝါးများမှာ ဗန်းမော်မြို့၊ အောင်သာရပ်ကွက်နေ စိုးသူရထံမှ တစ်ဆင့်ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ဖမ်းဆီးရေးအဖွဲ့မှ အောင်သာရပ်ကွက်ရှိ စိုးသူရ၏ နေအိမ်အားသွားရောက်ရှာဖွေရာ၄င်းအား နေအိမ်ဧည့်ခန်းတွင် အသင့်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါး တစ်စုံတစ်ရာ တွေ့ရှိခြင်းမရှိဘဲ ၄င်း၏ ယာဘက်လက်အတွင်းမှ အေးအေးခိုင်နှင့်ဆက်သွယ်အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံးအား တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့်လက်ဝယ်တွေ့ရှိသူ အေးအေးခိုင်နှင့်တစ်ဆင့် ရောင်းချပေးသူ စိုးသူရတို့နှစ်ဦးအား ဗန်းမော်မြို့မ ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်လှစ်အရေးယူထားသည်။

အလားတူ ဇွန် ၁၂ ရက် မွန်းလွဲ ၃နာရီ ၁၅ မိနစ်က မြစ်ကြီးနားမြို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(၂)မှရဲအုပ် ဇော်လင်းအောင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးသတင်းအရ မန္တလေး-မြစ်ကြီးနားသွားပြည်ထောင်စု လမ်းမကြီးပေါ်ရှိ မြစ်ကြီးနားမြို့နယ်၊ မော်ဖောင်းကျေးရွာ၊ မော်ဖောင်းတံတားလုံခြုံရေးဂိတ်တွင် သွားရောက်စောင့်ဆိုင်းနေစဉ် အဆိုပါလမ်းအတိုင်း ရှုဒေါင်ကျေးရွာဘက်မှ မော်ဖောင်းတံတားဘက်သို့ ကျော်ခိုင်ဦး(ခ)ဝေယံ မောင်းနှင်ပြီး ညီညီထွန်း(ခ)မညို နောက်ထိုင် လိုက်ပါလာသော HERO ANBO 125 အမျိုးအစားဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ညီညီထွန်း(ခ)မညို၏ ခန္ဓာကိုယ်တွင်ဝတ်ဆင်ထားသည့် အစိမ်းကွက်ရောင် အင်္ကျီလက်ရှည်ဖြင့်ဖုံးလျက် ချိုင်းကြားတွင်ညှပ်၍ သိုဝှက်သယ်ဆောင်လာသော အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသည့် အဝါရောင်တိတ်ဖြင့် ပတ်လျက် ပလတ်စတစ်အိတ်အတွင်းမှ ပန်းသီးတံဆိပ်ပါ အပြာရောင်ပလတ်စတစ်ကပ်ခွာ အိတ်ငယ်များ ဖြင့်ထည့်လျက် တံဆိပ်မပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ စီပါ အထုပ် ၃၀ထုပ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ နှင့် ၄င်းတို့နှစ်ဦးထံမှ နိုင်ငံသားစိစစ်ရေးကတ်များ တွေ့ရှိဖမ်းဆီးရမိသဖြင့် မူးယစ်ဆေးဝါးနှင့် လက်ဝယ်တွေ့ရှိသူများဖြစ်သည့် ကျော်ခိုင်ဦး (ခ)ဝေယံ (၂၇)နှစ်နှင့် ညီညီထွန်း(ခ)မညို(၄၅)နှစ်တို့နှစ်ဦးအား မြစ်ကြီးနားမြို့နယ်မြေ ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်လှစ်အရေး ယူထားကြောင်းသိရသည်။ **(၄၄၄)**



## တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၄**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြစ်ကြီးနားမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်များဖြစ်သည့် Toyota Wish တစ်စီး၊Toyota Noah တစ်စီးနှင့် Toyota Pajero တစ်စီးကိုလည်းကောင်း၊လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များဖြစ်သည့် Canda 125 လေးစီးနှင့် Kenbo 125 တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၁၂ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒက္ခိဏသီရိမြို့နယ်၊ရန်အောင်မြင်လမ်းဆုံ၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် တစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ လယ်ဝေးမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၁၂ ဒသမ ၄၅၇ တန်၊ အခြားသစ် ၃၃ ဒသမ ၇၀၉ တန်ကို သစ်တောဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၁၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ကြက်သွန်ဖြူ ၉၅၅၀ ပိဿာကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင်၊ သရက်မြို့နယ်၊သရက်-အောင်လံ မြစ်ကူးတံတားအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် ရေနံစိမ်း ၁၂၆၀ ဂါလန်နှင့် Ka-wa တံဆိပ်အင်ဂျင်စက် တစ်လုံးနှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် Toyota Light Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက် ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# လူတိုင်းရှောင်ရှား မူးယစ်ဆေးဝါး



ယနေ့လူငယ်များတွင် မူးယစ်ဆေးဝါးသုံးစွဲမှုက သုံးစွဲမှုအတိုင်းအတာထက် မြင့်တက်လာကြောင်း၊ မူးယစ်ဆေးဝါး အလွဲသုံးမှုများပြားလာကြောင်း သက်ဆိုင်ရာဌာနများက ထုတ်ပြန်ထားသည်။

လူငယ်ဟူသည် တက်ကြွသည်။ ရှင်လန်းသည်။ ဖျတ်လတ်သည်။ ဉာဏ်ပညာ ထက်မြက်သည်။ ထို့ကြောင့် လူငယ်သည် အနာဂတ်၏ ပန်းကောင်းအညွှန့်များဟု တင်စားခေါ်ဆိုကြသည်။ လူငယ်ဘဝ အပျော်အပါးကိုလည်း နှစ်သက်မက်မောတတ်သည်ဖြစ်ရာ၊ အဆိုးရွားဆုံးမှာ အပျော်အပါးနောက် လမ်းမှားလိုက်မိကြပြီး မူးယစ်သားကောင်ဖြစ်သွားသော လူငယ်လူရွယ်များကို တွေ့မြင်နေရသည်။ လူငယ်များအနေဖြင့် ဗလငါးတန်ပြည့်စုံရေးတွင် အရေးကြီးဆုံးသော အဖျက်မှာ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးဆိုသည်မှာ (က)ဦးနှောက်နှင့် အာရုံကြောကို ထိခိုက်ထုံထိုင်းစေခြင်း၊ မူးယစ်စေခြင်း၊ (ခ)ကိုယ်ခန္ဓာကို တစ်နည်းနည်းဖြင့် ဘေးအန္တရာယ်ဖြစ်စေခြင်း၊ (ဂ)ဆက်လက်မသုံးစွဲဘဲ မနေနိုင်အောင် စိတ်ရောကိုယ်ပါ စွဲလန်းမှုဖြစ်စေခြင်းကို ဆိုပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးဆိုသည်မှာ လူသားများ၏ဆင်ခြင်တုံတရားများ၊ ကာယအား၊ ဉာဏအား၊ လူ့စွမ်းအားအရင်းအမြစ်အားလုံးကို အန္တရာယ်အပေးနိုင်ဆုံး ပစ္စည်းဖြစ်သည်။

တစ်နည်းဆိုသော် လူ့ဘဝ တိုးတက်မှုအရာမှန်သမျှကို ဟိုးအောက်ဆုံးအထိ နိမ့်ကျစေသော အန္တရာယ်ပေးနိုင်သည့်ပစ္စည်းကို 'မူးယစ်ဆေးဝါး' ဟု ခေါ်ပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် မိမိတို့၏ ဘဝတက်လမ်းကို ပိတ်ပင်ခြင်းနှင့်အတူ အသက်အန္တရာယ်ပင် ဆုံးရှုံးနိုင်ပေသည်။ ဘိန်း၊ အိပ်ဆေး၊ ကိုကင်း၊ အရက်၊ ဆေးခြောက်၊ အငွေ့ပျံလွယ်သော ဆေးများ၊ စိတ်ငြိမ်ဆေး၊ စိတ်ကြွဆေး၊ စိတ်ချောက်ချားစေသော ဆေးအမျိုးမျိုး စသည်တို့အားလုံး မူးယစ်ဆေးဝါး ဖြစ်သည်။

**မူးယစ်ဆေးဝါး သုံးစွဲမိသော အကြောင်းအရင်းများ**

အကြောင်းအမျိုးမျိုးကြောင့် မူးယစ်ဆေးဝါး သုံးစွဲကြရာ ၄င်းတို့အနက် ဆေးသုံးစွဲသူများတွင် အောက်ပါအကြောင်းရင်းများကို တွေ့ရလေ့ရှိသည်။

* စူးစမ်းလိုခြင်း(သို့မဟုတ်)စမ်းသပ်လိုခြင်း။

* မူးယစ်ဆေးစွဲသူ အပေါင်းအသင်း၏ တိုက်တွန်းမှုကို မလွန်ဆန်နိုင်ခြင်း(သို့မဟုတ်)အထင်ကြီးအားကျမိခြင်း(သို့မဟုတ်) အပိုင်းအဝန်းမှ ခွဲထွက်ရန် ခက်ခဲခြင်း။

* လူမှုရေးပြဿနာ တစ်ခုခုကြောင့် သုံးစွဲခြင်း။

* မိသားစုအတွင်း ဆက်ဆံရေး မပြေလည်ခြင်း။

* စိတ်ပိုင်းဆိုင်ရာ(သို့မဟုတ်)ရုပ်ပိုင်းဆိုင်ရာ ရောဂါ တစ်ခုခုကြောင့် ဆေးအဖြစ်သုံးရာမှ ဆက်လက်သုံးစွဲခြင်း။

* မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ဗဟုသုတ နည်းပါးခြင်း။

* ပင်ကိုယ်ဗီဇ ညံ့ဖျင်းသည့် ကိုယ်ရည်ကိုယ်သွေးကြောင့် သုံးစွဲခြင်း စသည်တို့ကြောင့် မူးယစ်ဆေးဝါး သုံးစွဲမိကြသည်။

**မူးယစ်ဆေးဝါးသုံးစွဲသူ၏ စရိုက်လက္ခဏာများ**

မိဘ(သို့မဟုတ်)အုပ်ထိန်းသူများ(သို့မဟုတ်)မိသားစုဝင်များက မိမိတို့အချင်းချင်း ယုံကြည်မှုလွန်ကဲခြင်းကြောင့် မိသားစုထဲမှာ မူးယစ်ဆေးဝါး သုံးစွဲနေသူတစ်ယောက်ရှိပါက ချက်ချင်းမရိပ်မိတတ်ကြပေ။ ထို့ကြောင့် မူးယစ်ဆေးဝါးသုံးစွဲသူများ၌ တွေ့ရလေ့ရှိသော စရိုက်လက္ခဏာများကို အောက်ပါအတိုင်း ရေးသားဖော်ပြလိုပါသည်။

* ထိုင်းမှိုင်းတွေဝေ၍ တစ်ယောက်တည်း နေတတ်ခြင်း။

* မျက်လုံးနီမြန်းခြင်း။

* တစ်ကိုယ်ရေသန့်ရှင်းမှု မရှိခြင်း။

* မုန့်ဖိုး(သို့မဟုတ်)ငွေ အဆမတန်တောင်းတတ်ခြင်း။

* ခိုးဝှက်တတ်လာခြင်း။

* လိမ်ညာပြောဆိုတတ်ခြင်း။

* ပညာရေးတွင် စိတ်မဝင်စားတော့ခြင်း။

* အကြောင်းမဲ့ စိတ်တိုရမ်းကားခြင်း။

* လူကြီးမိဘ၊ ဆရာသမားများ၏ ဆုံးမသွန်သင်မှုကို မလေးမစားပြုလာခြင်း။

* မိဘကို ကလန်ကဆန် ပြောတတ်လာခြင်း။

* မိမိကိုယ်ကိုသာ ရှေ့တန်းတင်၍ မိသားစုစိတ်ဓာတ် လျော့နည်းလာခြင်း။

* မိသားစုအတွင်း ဆောင်ရွက်ရမည့်ဝတ္တရားများ ပျက်ကွက်လာတတ်ခြင်း။

* ဆေးစွဲနေသူများနှင့်သာ အပေါင်းအသင်းဖွဲ့နေတတ်ခြင်း။

* မှတ်ဉာဏ်ချို့တဲ့လာခြင်း။

* ကိုယ်အလေးချိန်ကျဆင်း ပိန်ချုံးလာခြင်း။

* HIV ပိုးဝင်၍ ခုခံအားကျဆင်းမှုရောဂါရခြင်းတို့ကို တွေ့ရလေ့ရှိသည်။



**မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များ**

မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ယေဘုယျအားဖြင့် (က)စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ (ခ)ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ထိခိုက်မှုနှင့် (ဂ)လူမှုရေးဆိုင်ရာထိခိုက်မှု ဟူ၍ ဆိုးကျိုးအန္တရာယ်ကြီး သုံးမျိုးကို မလွဲမသွေ ကြုံတွေ့ခံစားရနိုင်ပါသည်။

* စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများအနေဖြင့် စိတ်ဓာတ်ကျရောဂါဖြစ်ခြင်း၊ မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်း၊ စိတ်ရောဂါဖြစ်ခြင်း၊ မှတ်ဉာဏ်ချို့တဲ့ခြင်း၊ မိသားစုစိတ်ဓာတ် လျော့နည်းလာခြင်း၊ လိင်စိတ်အားနည်းခြင်း၊ ပြင်းထန်စွာ စိုးရိမ်ကြောင့်ကြမှုဖြစ်ခြင်းတို့ကို တွေ့ရတတ်ပါသည်။

* ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ထိခိုက်မှုများအနေဖြင့် ဆေးလွန်သဖြင့် သတိမေ့မြောသွားခြင်း၊ အခန့်မသင့်လျှင် အသက်ဆုံးရခြင်း၊ ထုံနာကျဉ်နာ အကြောသေရောဂါများဖြစ်ခြင်း၊ ဝက်ရူးပြန်တတ်ခြင်း၊ နှလုံးရောဂါနှင့် နှလုံးအားနည်းရောဂါဖြစ်ခြင်း၊ အဆုတ်ရောဂါဖြစ်ခြင်း၊ အသည်းနှင့်ပတ်သက်သော အသည်းရောဂါ၊ အသားဝါရောဂါနှင့် အသည်းပြည်တည်ရောဂါဖြစ်ခြင်း၊ သွေးကြောပိတ် ရောဂါဖြစ်ခြင်း၊ ခန္ဓာကိုယ်အနှံ့အပြား အနာစိမ်းများပေါက်ကာ သွေးဆိပ်တက်ခြင်း၊ AIDS(ခေါ်)ခုခံအား ကျဆင်းမှုရောဂါ ကူးစက်ခြင်း စသည့် အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။

* လူမှုရေးဆိုင်ရာ ထိခိုက်မှုများအနေဖြင့် မမျှော်မှန်းနိုင်သည့် လူမှုရေးဆိုင်ရာ ထိခိုက်မှုအမျိုးမျိုး ကြုံတွေ့ရခြင်း၊ မူးယစ်ဥပဒေအရ အရေးယူခံရခြင်း၊ ပတ်ဝန်းကျင်၌ သိက္ခာကျခြင်း၊



တိုးတက်ကြီးပွားလိုစိတ် လျော့နည်းခြင်း၊ မိသားစုစိတ်ဆင်းရဲခြင်း (သို့မဟုတ်)မိသားစုပြိုကွဲခြင်း၊ ရာဇဝတ်မှုမကင်းသည့် အပြုအမူများ ပြုလုပ်တတ်ခြင်း၊ မိသားစုစီးပွားရေး ယိုယွင်းပျက်စီးဆုံးရှုံးရခြင်း စသည့် ဆိုးကျိုးများ ကြုံတွေ့ရတတ်ပါသည်။

**မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူလုပ်မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်၊ ရောင်းဝယ်မှုများမှာ အဓိကခြိမ်းခြောက်နေသည့်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေး အထူးစစ်ဆင်ရေး ၃၈ ကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး Operation 39 ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်းပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်အထိ ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေးပြား၊ အိုက်စ်၊ ကက်တမင်း၊ အက်တက် စီဆေးပြား၊ Happy Water အပါအဝင် အခြားမူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများ၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၀၂ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၃၈၁ သန်းကျော်) ဖမ်းဆီးနိုင်ခဲ့သည်။ ထို့အပြင် အနာဂတ်မျိုးဆက်သစ်များ အညွန့်တလူလူဖြင့် ဆက်လက်ထွန်းတောက်စေရန်၊ လူငယ်များနှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာက ပိုမိုတိုးမြှင့်လုပ်ဆောင်လျက်ရှိပါသည်။

အချုပ်ဆိုသော် မူးယစ်ဆေးစွဲခြင်းမှာ ရောဂါမဟုတ်ပါ။ စနစ်တကျ ကုသမှုခံယူပါက ပျောက်ကင်းနိုင်ပါသည်။ သို့သော် အများစုကြုံတွေ့နေရသောပြဿနာမှာ ဆေးဝါးသုံးစွဲသူသည် ဆေးကုသမှုခံယူပြီးသော်လည်း အများစုမှာ ဆေးပြန်လည်သုံးစွဲသည်ကို တွေ့ရသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ခိုင်မာသော စိတ်ဆုံးဖြတ်ချက်မရှိခြင်း၊ ပတ်ဝန်းကျင်နှင့်မိသားစု၏ ယုံကြည်အားပေးနွေးထွေးမှုမရှိခြင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုမရှိသေးခြင်းတို့ကြောင့်ဖြစ်သည်။

ထိုသို့သော ပြဿနာများကို ဖြေရှင်းကျော်လွှားနိုင်ရန်အတွက် ဆေးဝါးကုသမှုခံယူပြီးနောက် မိသားစု၊ ဆွေမျိုး၊ လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် သဟဇာတဖြစ်အောင် အားထုတ်ရသောအခါ အခက်အခဲများ ရှိကောင်းရှိနိုင်ပါသည်။ ပြန်လည်လူဝင်ဆံ့ရန် အနီးကပ်ဆုံး အတူနေမိသားစု၏ကြီးကြပ်စောင့်ရှောက်မှုက အရေးကြီးသလို ကာယကံရှင် ကိုယ်တိုင်ကလည်း မိသားစုက မိမိကို ယုံကြည်လာအောင် နေထိုင်ပြရပါမည်။

သို့ပါ၍ တစ်ကြိမ်တစ်ခါ သုံးမိလျှင် ဖြတ်တောက်ရန် ခက်ခဲလွန်းသော မူးယစ်နွယ်ဝင်မှန်သမျှကို အစလုပ်ပြီး မသုံးစွဲကြဘဲ လူတိုင်းရှောင်ရှားကြစေလိုပါကြောင်း၊ လက်ရှိ သုံးစွဲမိနေသူများကလည်း အခြားသော မူးယစ်ဆေးသုံးသူများ၊ ရောင်းဝယ်သူများနှင့် လုံးဝအဆက်အသွယ်ဖြတ်ရန် လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဝါး ထပ်မံမသုံးစွဲစေရန် အကောင်းဆုံး ရှောင်ရှားသည့်နည်းမှာ ထိုမူးယစ်ဆေးဝါးကို လုံးဝ စတင်မသုံးရန်ဖြစ်ပါကြောင်းနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံးက ပါဝင်ကြရမည်ဖြစ်ပါကြောင်း အသိပေးလိုပါသည်။

စေတနာများစွာ

တင်ထက်ထက်ဇော်



# နိုင်ငံတကာ အားကစား သတင်းများ

## ပေါ်လိုဖွန်ဆီကာအား နည်းပြသစ်အဖြစ် အေစီမီလန်အသင်း ခန့်အပ်

**မီလန် ဇွန် ၁၄**

အေစီမီလန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ပေါ်လိုဖွန်ဆီကာအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် အေစီမီလန်အသင်းနှင့်အတူ သုံးနှစ်



သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ပေါ်လိုဖွန်ဆီကာသည် နည်းပြဘဝ သက်တမ်းတစ်လျှောက်တွင် ပေါ်တို၊ ရိုးမား၊ လိုင်လီ စသည့် ကလပ်အသင်းများအပြင်၊ အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အေစီမီလန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ (ဝဲပုံ)

အသက်(၅၁)နှစ်အရွယ်ရှိ နည်းပြ ပေါ်လိုဖွန်ဆီကာက "ကျွန်တော် အခုလို အေစီမီလန်အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို လည်း ကျေးဇူးတင်ပါတယ်။ အေစီမီလန်အသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)




## ဟီရိုကီအီတိုအား ဘိုင်ယန်မြူးနစ်အသင်း ခေါ်ယူ

**မြူးနစ် ဇွန် ၁၄**

ဘိုင်ယန်မြူးနစ်အသင်းသည် စတုဂတ်အသင်း နောက်ခံကစားသမား ဟီရိုကီအီတိုအား ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့် ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနောက်ခံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းတွင် ကျောနံပါတ် ၂၁ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

နောက်ခံကစားသမား ဟီရိုကီအီတိုသည် စတုဂတ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၇ ပွဲကစားပြီး ၂ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဟီရိုကီအီတိုက "ကျွန်တော် ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကိုနွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်း အောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ)

(NGB)

## ပစ်ဆဲလ် အက်သလက် တီကိုမက်ဒရစ်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဇွန် ၁၄**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် အသင်းကွင်းလယ်ကစားသမား ဗစ်ဆဲလ်အား ၂၀၂၅ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၄ ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၃၅)နှစ်အရွယ်ရှိ ဗစ်ဆဲလ်က "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ လာမည့်ဘောလုံးရာသီမှာလည်း အောင်မြင်မှုတွေ ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။(အောက်ပုံ)(NGB)



## အဲလစ်ဂါစီယာအား လေဗာကူဆင်အသင်း ခေါ်ယူ



**မြူးနစ် ဇွန် ၁၄**

လေဗာကူဆင်အသင်းသည် ဂျီရိုနာအသင်း ကွင်းလယ်ကစားသမား အဲလစ်ဂါစီယာအား ပြောင်းရွှေ့ကြေး ယူရို ၁၈သန်း+Add-ons ကြေး ယူရို ၂ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၂၉ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။ (အပေါ်ပုံ)

ကွင်းလယ်ကစားသမား အဲလစ်ဂါစီယာသည် ဂျီရိုနာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၀ပွဲကစားပြီး ၄ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လေဗာကူဆင်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လေဗာကူဆင်အသင်း ထုတ်ပြန်ချက်တွင် "အဲလစ်ဂါစီယာအား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ" ဟုထုတ်ပြန်သည်။

(NGB)

## 2024 Libéma Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Dalma Galfi တက်ရောက်



**လန်ဒန် ဇွန် ၁၄**

နယ်သာလန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော 2024 Libéma Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဟန်ဂေရီတင်းနစ်မယ် Dalma Galfi တက်ရောက်ခဲ့သည်။

အဆိုပါ ဟန်ဂေရီတင်းနစ်မယ် Dalma Galfi သည် 2024 Libéma Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ရုရှားတင်းနစ်မယ် Veronika Kudermetova အား ၆-၃၊ ၃-၆၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 Libéma Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဟန်ဂေရီတင်းနစ်မယ် Dalma Galfi နှင့် ဆားဘီးယားတင်းနစ်မယ် Aleksandra Krunic တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ယူရို ၂၀၂၄ ဥရောပဖလားဘောလုံးပြိုင်ပွဲ၊ အုပ်စုအဆင့်ပွဲစဉ်

အုပ်စု(က) နိုင်ကမ္ဘာ

**ဟန်ဂေရီ - ဆွစ်ဇာလန်**

**ဇွန် ၁၅ရက် (စနေနေ့) နံနက် ၀၇း၃၀ နာရီ**

**(ကိုလုံးဘောလုံးကွင်း၊ ကိုလုံးမြို့)**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၁၂-၆-၁၉၃၈ | ဟန်ဂေရီ | ၂-၀ | ဆွစ်ဇာလန် | | (ကမ္ဘာ့ဖလား ၁၉၃၈ ခြေစစ်ပွဲ) |
| ၁၉၈၁ | ဟန်ဂေရီ | ၃-၀ | ဆွစ်ဇာလန် | ၂-၂ | ဟန်ဂေရီ (ယူရို ၈၂ ခြေစစ်ပွဲ) |
| ၁၉၉၅ | ဟန်ဂေရီ | ၂-၂ | ဆွစ်ဇာလန် | ၃-၀ | ဟန်ဂေရီ (ယူရို ၉၆ ခြေစစ်ပွဲ) |
| ၁၉၉၇ | ဟန်ဂေရီ | ၁-၁ | ဆွစ်ဇာလန် | ၁-၀ | ဟန်ဂေရီ (ကမ္ဘာ့ဖလား ၁၉၉၈ ခြေစစ်ပွဲ) |
| ၂၀၁၆-၁၇ | ဟန်ဂေရီ | ၂-၃ | ဆွစ်ဇာလန် | ၅-၂ | ဟန်ဂေရီ (ယူရို ၂၀၁၈ ခြေစစ်ပွဲ) |

ကမ္ဘာ့အဆင့်(၂၉)ရှိသည့် ဟန်ဂေရီအသင်းနှင့် ကမ္ဘာ့အဆင့်(၁၉)ရှိသည့် ဆွစ်ဇာလန်အသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၁၂)ကြိမ် ဆုံတွေ့ခဲ့ရာ ဟန်ဂေရီက (၃)ကြိမ်သာ အနိုင်ရပြီး (၃)ကြိမ် သရေကျကာ (၆)ကြိမ် ရှုံးနိမ့်ခဲ့သည့်အတွက် အစဉ်အလာအရ ဆွစ်ဇာလန်က အသာရနေ၍ ဆွစ်ဇာလန်တို့ အနိုင်သေချာသည့်ပွဲဖြစ်သည်။

**နှစ်သင်းနောက်ဆုံး ၅ ပွဲရလဒ်**

ဟန်ဂေရီ–နိုင်၊နိုင်၊နိုင်၊ရှုံး၊နိုင် ဆွစ်ဇာလန်–ရှုံး၊သရေ၊နိုင်၊နိုင်၊သရေ

**အုပ်စု(ခ) ပွဲစဉ်များ**

**စပိန် - ခရိုအေးရှား**

**ဇွန် ၁၅ရက် (စနေနေ့) ည ၁၀း၃၀ နာရီ**

**(အိုလံပစ်ဘောလုံးကွင်း၊ ဘာလင်မြို့)**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၁၉-၆-၂၀၁၂ | ခရိုအေးရှား | ၀-၁ | စပိန် | | (ယူရို ၂၀၁၂ အုပ်စု) |
| ၂၂-၆-၂၀၁၆ | ခရိုအေးရှား | ၂-၁ | စပိန် | | (ယူရို ၂၀၁၆ အုပ်စု) |
| ၂၀၁၈ | စပိန် | ၆-၀ | ခရိုအေးရှား | ၃-၂ | စပိန် (UEFA နေရှင်းလိဂ် အုပ်စု) |
| ၂၀-၆-၂၀၂၁ | ခရိုအေးရှား | ၃-၃ | စပိန် | | (ယူရို ၂၀၂၀-၁၆ သင်းအဆင့်) |
| | (အချိန်ပိုတွင် | ၀-၂ | ဖြင့် စပိန်နိုင်) | | |
| ၁၉-၆-၂၀၂၃ | ခရိုအေးရှား | ၀-၀ | စပိန် | | (UEFA နေရှင်းလိဂ် ဗိုလ်လုပွဲ) |
| | (ပင်နယ်တီ | ၄-၅ | ဖြင့် စပိန်ဗိုလ်စွဲ) | | |

ကမ္ဘာ့အဆင့်(၈)ရှိသည့် စပိန်အသင်းနှင့် ကမ္ဘာ့အဆင့်(၉)ရှိသည့် ခရိုအေးရှားအသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၁၀)ကြိမ် ဆုံတွေ့ခဲ့ရာ စပိန်က (၆)ကြိမ် အနိုင်ရပြီး (၁)ကြိမ် သရေကျကာ (၃)ကြိမ်သာ ရှုံးနိမ့်ခဲ့ရသည့်အတွက် အစဉ်အလာအရ စပိန်က အသာရနေသော်လည်း ခရိုအေးရှား၏ အသင်းလိုက်ခြေစွမ်းက အတော်ပင်ကောင်းမွန်နေ၍ သရေကျသွားနိုင်သည့်ပွဲမျိုးဖြစ်သည်။ သို့သော် အနိုင်ရမည့် အသင်းဆိုပါက စပိန်ကိုသာ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏နောက်ဆုံး ၅ ပွဲရလဒ်**

စပိန်–နိုင်၊ရှုံး၊သရေ၊နိုင်၊နိုင် ခရိုအေးရှား–နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင်

**အီတလီ - အယ်လ်ဘေးနီးယား**

**ဇွန် ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၀၁း၃၀ နာရီ**

**(ဒေါ့မွန်ဘောလုံးကွင်း၊ ဒေါ့မွန်မြို့)**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၁၉-၁၁-၂၀၁၄ | အီတလီ | ၁-၀ | အယ်လ်ဘေးနီးယား | | (ခြေစမ်းပွဲ) |
| ၂၀၁၇ | အီတလီ | ၂-၀ | အယ်လ်ဘေးနီးယား | ၀-၁ | စပိန်(ကမ္ဘာ့ဖလား ၂၀၁၈ ခြေစစ်ပွဲ) |
| ၁၇-၁၁-၂၀၂၂ | အယ်လ်ဘေး | ၁-၃ | အီတလီ | | (ခြေစမ်းပွဲ) |

ကမ္ဘာ့အဆင့်(၁၀)ရှိသည့် အီတလီအသင်းနှင့် ကမ္ဘာ့အဆင့်(၆၆)ရှိသည့် အယ်လ်ဘေးနီးယားအသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၄)ကြိမ် ဆုံတွေ့ခဲ့ရာ အီတလီက (၄)ကြိမ်လုံး အနိုင်ရထားသည့်အတွက် အစဉ်အလာအရ အီတလီက အသာရနေသည့်အပြင် ကမ္ဘာ့အဆင့်ကလည်း ကွာခြားနေသည့်အတွက် အီတလီတို့ အဖွင့်ပွဲစဉ်တွင် ပြတ်သားစွာ အနိုင်ရမည့်ပွဲဖြစ်သည်။

**နှစ်သင်း၏နောက်ဆုံး ၅ ပွဲရလဒ်**

အီတလီ–သရေ၊နိုင်၊နိုင်၊သရေ၊နိုင် အယ်လ်ဘေး–သရေ၊ရှုံး၊ရှုံး၊နိုင်၊နိုင်

## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၆-၆-၂၀၂၄ တနင်္ဂနွေနေ့ | နံနက်၀၁း၃၀နာရီ | ကိုလံဘီယာ – ဘိုလီးဗီးယား |

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် ပထမဆုရ ကျောင်းသူအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ




**မန္တလေး ဇွန် ၁၄**

၂၀၂၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် ပထမဆုရ ကျောင်းသူအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက ရတနာပုံတက္ကသိုလ်ရှိ နိုင်ငံတကာဆက်ဆံရေးပညာဌာနတွင် ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာဦးခင်မြို့၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးရဲထွန်းနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမိုးယဉ်ယဉ်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ပထမဆုရ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက မှတ်သားလိုက်နာဖွယ်ရာ ဆုံးမဩဝါဒစကားနှင့် ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူးက မှတ်သားစရာ ဗဟုသုတများနှင့် ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားသည်။ ဆက်လက်ပြီး ပါမောက္ခ(ဌာနမှူး) ဒေါက်တာမိုးယဉ်ယဉ်က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတကာဆက်ဆံရေး ပညာဘာသာရပ် အထူးပြု ဒုတိယနှစ်ဂုဏ်ထူးတန်းမှ မနေခြည်လင်းက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြင်ဆင်လေ့လာအားထုတ်မှုများကို ပြန်လည်ရှင်းလင်းတင်ပြပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး" (Land restoration, desertification and drought resilence) ခေါင်းစဉ်ဖြင့် နိုင်ငံတော်အဆင့် ပထမဆုရရှိခဲ့သည့် ဆောင်းပါးအား ဖတ်ကြားသည်။

ဆက်လက်ပြီး ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ညွှန်ကြားရေးမှူး ဦးရဲထွန်း၊ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမိုးယဉ်ယဉ်နှင့် ပါမောက္ခများက ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ နိုင်ငံတော်အဆင့် ပထမဆုရ နိုင်ငံတကာဆက်ဆံရေး ပညာဘာသာရပ် အထူးပြု ဒုတိယနှစ် ဂုဏ်ထူးတန်းမှ မနေခြည်လင်းအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၈၂)



# မဟာလောကရံသီအိမ်တော်ရာစေတီတော်မြတ်ကြီး၏ အကြိမ်(၄၀)မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

**မန္တလေး ဇွန် ၁၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရံသီအိမ်တော်ရာစေတီတော်၏ အကြိမ် (၄၀) မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို နယုန်လဆန်း ၁၁ ရက်မှ နယုန်လပြည့်နေ့အထိ ၉ ရက်တိုင်တိုင် အဆိုပါစေတီတော် ရင်ပြင် ၁၄ ခမ်း ဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပသည်။

ထိုသို့ ရွတ်ဖတ်ပူဇော်ရာတွင် ပဋ္ဌာန်းပွဲဖြစ်မြောက်ရေး နာယကဆရာတော်ကြီးများ၊ ပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်မည့် အလှည့်ကျရာ ဒက္ခိဏာဝန် ကျောင်းတိုက်မှ သံဃာတော်များ၊ စုစုပေါင်း ၄၇ ပါးတို့က တစ်ဆိုင်းလျှင် သုံးပါးနှုန်းဖြင့် နေ့၊ ညအသံမစဲ ရွတ်ပွားပူဇော်ကြပြီး ဂေါပကအဖွဲ့ နာယကကြီးများ၊ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များက အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဖျော်ရည်များ နေ့စဉ်ကုသိုလ်ပြုလှူဒါန်း၍ ပဋ္ဌာန်းသိမ်းအောင်ပွဲ အဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများ စုပေါင်းလောင်းလှူကြမည်ဖြစ်ရာ လှူဒါန်းလိုကြသူများအနေဖြင့် ၁၄ ခမ်း ဗိမာန်တော်ကြီးရှိ အလှူခံဌာနသို့ လာရောက် ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၇၂)

# သရက်သီးအဆင့်မြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရန်အတွက် သင်တန်းဖွင့်လှစ်ပေးသွားမည်

**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းက ဦးစီးကာ သရက်သီး အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ဇွန် ၁၉ ရက်မှ ဇွန် ၂၁ ရက် သုံးရက်သင်တန်း ပေးသွားမည် ဖြစ်သည်။

သင်တန်းတွင် သရက်သီး ခြောက်ပြုလုပ်နည်း၊ သရက်ပြုပြင်နည်း၊ သရက်သီးအနှစ်၊ သရက်သီးဖျော်ရည်၊ သရက်သီးယို၊ သရက်ပျူရီလုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကြေးအဖြစ် အသင်းသားတစ်ဦးလျှင် ငွေကျပ်ငါးသောင်း၊ အသင်းသားမဟုတ်လျှင် တစ်ဦးငွေကျပ် ခုနစ်သောင်း သတ်မှတ်ထားရှိသည်။

"အခုက သရက်ပေါ်ချိန်ဖြစ်တယ်၊ စိုက်ပျိုးထားတဲ့ သရက်တွေက အကြောင်းအမျိုးမျိုးကြောင့် အသီးအဖြစ်နဲ့ ရောင်းတန်းမဝင်ခဲ့ရင် အဆင့်မြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ဖို့လိုပါတယ်၊ ဒါမှ စိုက်ပျိုးသူတွေအနေနဲ့ ဆုံးရှုံးမှုတွေ မဖြစ်မှာပါ၊ ဒီအတွက် သင်တန်းတွေကို ဖွင့်လှစ်ပေးတာဖြစ်ပါတယ်၊ လအလိုက် သင်တန်းတွေကို ဖွင့်လှစ်ပေးသွားဖို့ စီစဉ်သွားမှာဖြစ်ပါတယ်"ဟု အဆိုပါအသင်းက တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် ပြည်ပနိုင်ငံများသို့ စိုက်ပျိုးရေးထွက်ကုန်များကို တင်ပို့ရာတွင် GACC လက်မှတ်ရရှိမှသာ တင်ပို့နိုင်မည်ဖြစ်သောကြောင့် အဆိုပါ မှတ်ပုံတင်လက်မှတ် ရရှိရန်အတွက် လိုအပ်သော အချက်အလက်များ သိရှိနိုင်စေရန် အသိပေးသင်တန်းများကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)



# အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း(မန္တလေး)တွင် ကိုဗစ်ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

**မန္တလေး ဇွန် ၁၄**

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း(မန္တလေး)တွင် ထိန်းသိမ်းစောင့်ရှောက်ထားရှိသော ကျောင်းသူများအား ဇွန် ၁၃ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အမေရိကန်ဆေးကုမ္ပဏီမှထုတ်လုပ်သော Pfizer ကိုဗစ်ကာကွယ်ဆေးများကို လာရောက်ထိုးနှံပေးရာ အမျိုးသမီးသက်မွေးသင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ် ဒေါ်အေးအေးအောင်နှင့် ဆရာမများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၄၅)

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆ လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန် သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် နေ့စဉ်ပုံမှန် ပြန်လည်ရောင်းချသွားမည်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)




သင် ကျန်းမာလိုလျှင် ဆီနှင့် အငန် လျှော့စားပါ။



## စာအုပ်စာစောင်ပြပွဲနှင့် Mobile စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေး

**တံတားဦး ဇွန် ၁၄**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများအား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအဖြစ် စာဖတ်ရှိန်မြှင့်တင်ရေး၊ စာအုပ်စာစောင်ပြပွဲနှင့် Mobile စာကြည့်တိုက်လုပ်ငန်းများကို ယမန်နေ့ နံနက် ၁၀ နာရီက တံတားဦးမြို့ အမှတ်(၁)ရပ်ကွက်၊ မေဃဝန်အခြေခံပညာမူလတန်းကျောင်းတွင် ဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွင် အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာကြီး ဦးတင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီတာခိုင် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပစာအုပ်၊ စာစောင်များကို ဗဟုသုတရရှိရေးအတွက် ငှားရမ်းဖတ်ရှုလေ့လာသင့်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစေရန်အတွက် သုတ၊ ရသ စာအုပ်စာစောင်မျိုးစုံများ စီစဉ်ထားရှိပြီး စာအုပ်အသစ်များကို စဉ်ဆက်မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို စနစ်တကျလေ့လာမှတ်သားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တံတားဦးမြို့နယ်ပြန်/ဆက်ဌာနမှ ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုကြပြီး Mobile စာကြည့်တိုက်ကို အခမဲ့ငှားရမ်းပေးသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူများ စာပေကို အလွယ်တကူဖတ်ရှုလေ့လာနိုင်ရေးအတွက် ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများအရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ရုံးပြည်သူ့စာကြည့်တိုက်သို့လည်း မည်သူမဆိုအခမဲ့ အသင်းဝင်ရောက်ပြီး လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(၄၀၉)

၀-၀-၀-၀-၀-၀-၀

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**မိုင်းဆတ် ဇွန် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိုင်းဆတ်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသွယ်က ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမားပပျောက်ရေးရည်မှန်းချက်နှင့် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ ဦးစီးအရာရှိ ဦးလင်းထင်ကျော်က ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းက ကလေးအလုပ်သမားဆိုင်ရာ တားမြစ်ချက်များကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မိုင်းဆတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သင်္ဂဇာချောင်းနှင့် ကန်တော်ကြီး သန့်ရှင်းသာယာလှပရေး နေ့စဉ်ဆောင်ရွက်

**မန္တလေး ဇွန် ၁၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့်တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်း အလယ်ပေါင်တံတားအနောက်ဘက်မြောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

ချမ်းအေးသာစံမြို့နယ်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်းအနောက်ဘက်ပတ်လမ်း ၂၆လမ်းနှင့်၂၇လမ်းကြား ချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ၃၅လမ်းနှင့်၃၆လမ်းကြား ချောင်းအတွင်းမှ ဒိုက်အမှိုက်နှင့် နွံများကို Sunton စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

သင်္ဂဇာချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့်ချောင်းတစ်ခုဖြစ်ပြီး အလားတူရွှေတချောင်းမြောင်း၊ တက်မြောချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းကိုမြောင်းရေနှင့်ဆေးချသည့်နည်း အသုံးပြုဆောင်ရွက်ထားသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို လူအင်အား ၃၀ ဦးနှင့် ဘက်ဟိုးစက်တစ်စီး အသုံးပြု၍ ကမ်းကပ်ဆယ်ယူရှင်းလင်းရာ တန် ၇၀ ခန့် ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက်နှစ်စီး အသုံးပြု၍ ဖြတ်တောက်ဆောင်ရွက်ရာ နှစ်ဧကခန့်ဖြတ်တောက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)




## အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် E-ID စနစ် ကောက်ယူခြင်းများ ဆောင်ရွက်

**ပုဏ္ဏားကျွန်း ဇွန် ၁၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာအုပ်စု၊ တံတားဦးကျေးရွာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့် e-ID စနစ်အတွက် Biographic /Biometric ကောက်ယူခြင်းများကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားထုတ်ပေးခြင်းနှင့် e-IDစနစ်အတွက် Biographic/Biometric ကောက်ယူခြင်းများ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တံတားဦးကျေးရွာရှိ အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း လူဦးရေ ၄၃ ဦးနှင့် အသက်(၁၀)နှစ်ပြည့် နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးနှင့် နိုင်ငံသားကတ်ရှိပြီးသူတိုင်း e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ ဂဏန်း(၁၀)လုံး ပါ Unique ID နံပါတ်ထုတ်ပေးခြင်းကို တစ်ပါတည်းဆောင်ရွက်လျက်ရှိရာ နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၃ ခုနှင့် UID၅၀ ဦး ကောက်ယူခြင်းများ ဆောင်ရွက်ပေးခဲ့ရာ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းနိုင်လင်း၊ လဝကမှူး ဦးဘုန်းဟန်၊ လက်ထောက်လဝကမှူး ဦးမြတ်စည်သူနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



ရေနုတ်မြောင်းသည်
အမှိုက်
စွန့်ပစ်ရန်
နေရာမဟုတ်ပါ။

# အမရပူရမြို့မှ အထင်ကရ သမိုင်းမှတ်တိုင်များ – အပိုင်း(၃)

ခိုင်ဆက်ဝေ

(၈-၆-၂၀၂၄)ရက် စာမျက်နှာ(၁၄)မှအဆက်–

အမရပူရတွင် မြို့နန်းမတည်ခင်ကတည်းက ရှိခဲ့သော ရှေးဟောင်းများနှင့် မြို့နန်းတည်ပြီး အမရပူခေတ်က ဘုရားစေတီ ရှေးဟောင်း အဆောက်အအုံများစွာ ရှိသည်။ ကုန်းဘောင်မင်းဆက်တွင် အမြော်အမြင်ကြီးသူ၊ ဘာသာရေးလေးစားကိုင်းရှိုင်းသူဖြစ်ပြီး အကြာမြင့်ဆုံး ထီးနန်းစိုးစံခဲ့သူလည်း ဖြစ်သည်။ သူ့လက်ထက်တွင် နိုင်ငံရပ်ခြား တိုင်းတစ်ပါးနှင့် ကုန်သွယ်ရေး၊ ဆက်ဆံရေးကောင်းမွန်၍ သာယာဝပြော စည်ပင်ခဲ့သည်ဟု ဆိုပါသည်။



## အထင်ကရ ရှေးဟောင်းဘုရားစေတီများ

အမရပူရမြို့နယ်၊ ရွှေဥမ်းထုပ်ရပ်ကွက်တွင် နဂါးရုံဘုရား တည်ရှိသည်။ မင်းအဆက်ဆက် ပြုပြင်ခဲ့သည့် သမိုင်းအထောက်အထားများ ပါရှိသော ခေါင်းလောင်းတော်ကြီးရှိခဲ့သော်လည်း မသမာသူများ ခိုးယူမှုကြောင့် ပျောက်ဆုံးသွားခဲ့ရာ အစရှာမရရှိခဲ့သည်။ ပုံပါဘုရားမှာ ပုဂံခေတ်၊ အလောင်းစည်သူမင်း ဖောင်တော်ဖြင့် တိုင်းခန်းလှည့်လည်ရာ ပုထိုးတော်ကြီးဘုရားအနီး ဖောင်တော်ဆိုက်ကပ်စဉ် ဖောင်တော်၏ ပုံပိုင်းမှာပါလာသော ဓာတ်တော်များကို ဌာပနာ၍ စေတီတည်ထားကိုးကွယ်ခဲ့သည်။ ပုထိုးတော်ကြီးရှိရာ ရပ်ကွက်တွင် တည်ရှိသည်။

အောင်မြေရွှေဘုံဘုရားမှာ လေးစုရပ်ကွက်နှင့် ဈေးချိုရပ်ကွက်အကြားတွင်ရှိ၍ သရေခေတ္တရာခေတ်တွင် တည်ထားခဲ့သည်ဟု ဆိုသည်။ ခေတ်အဆက်ဆက်မင်းများက ပြုပြင်မွမ်းမံ ကုသိုလ်ပြုခဲ့ကြပြီး စေတီတော် အရှေ့မြောက်ထောင့်ရှိ ကျောက်စာတွင် "မဟာရတနာမဥ္ဇူလောက" သရေခေတ္တရာအရှင်မင်းကြီး ကုသိုလ်တော်ဟု ရေးထိုးထားသည်။ ထိုဘုရားတွင် ကုန်းဘောင်ခေတ် ပန်းရန်၊ ပန်းတော့လက်ရာများနှင့် စေတီငယ်များ တွေ့နိုင်သည်။

ရွှေဖားဘုရားမှာ ရွှေဥမ်းထုပ်ရပ်ကွက်၊ ရှေ့တော်ပြေးအရပ်တွင် ရှိသည်။ ဘုရားတည်သည့် အထောက်အထား မတွေ့ရသော်လည်း ရှေးဟောင်းဘုရားတစ်ဆူဖြစ်သည်။ ယင်းကဲ့သို့ အထောက်အထားခိုင်လုံစွာ မတွေ့ရသော ရှေးဟောင်းဘုရားစေတီများလည်းရှိရာ မဟာသကျသာမိဘုရား၊ လှိုင်းတက်ဘုရား၊ အောင်ချမ်းသာကျောက်ကာ(ဦးလင်း)ဘုရား၊ မုံတော်နဂါးရုံဘုရားတို့ဖြစ်သည်။

အမရပူရမြို့နယ်အစ နန်းတော်ရာကွက်သစ်ဈေးအနီးတွင် ရွှေရင်းရဲဘုရားနှင့် သံသေကပ်ကျော်ဘုရားများမှာလည်း ထင်ရှားသည့် ဘုရားများဖြစ်သည်။ ရှေးဟောင်းအဆောက်အအုံနှင့် လက်ရာများ တွေ့မြင်နိုင်ပါသေးသည်။ ရွှေရင်းရဲဘုရားတွင် သီတင်းသုံးတော်မူသော ဗုဒ္ဓဆင်းတုတော်မှာ ဘယ်ဘက်လက်ချောင်းတော် ၆ ချောင်းနှင့် ညာဘက်လက်ချောင်းတော် ၅ ချောင်း၊ ပေါင်း ၁၁ ချောင်းရှိသည်ကို ဖူးတွေ့ရပါမည်။

ရှေးဘုရင်များသည် မြို့တည် နန်းတည်နှင့် ဘုရားစေတီများ တည်ထားခြင်းသည် ကုသိုလ်ရေး သက်သက်သာ မဟုတ်မူဘဲ၊ သိုက်တဘောင် ဗေဒင်နက္ခများဖြင့် ယုံကြည်မှုဆိုင်ရာကို အလေးပေးကာ တည်ထားခဲ့ကြသည်ဟု ဆိုရပါမည်။ ကောင်းမြတ်သော အချိန်အခါကိုရွေးလျက် တိုင်းသူပြည်သား လူအများတို့ အေးချမ်းသာယာစည်ပင်ဝပြောစေရေးအတွက်သာမက အခြားအကြောင်းအရင်းများလည်း ရှိနိုင်ပေသည်။

## မြို့ထောင့်စေတီ ၄ ဆူ

မြို့ထောင့်စေတီများမှ ဌာပနာများမှာ ဘုရားရှင်၏ ဓာတ်တော်၊ မွေတော်အစစ်များကို ရွှေကြုတ်၊ ငွေကြုတ်၊ မိုးကြိုးကြုတ်၊ ပတ္တမြားကြုတ်၊ ရွှေစေတီ၊ ငွေစေတီ၊ မိုးကြိုးစေတီငယ်တို့တွင် ထည့်သွင်းကာ ဌာပနာသည်ဟု ဆိုသည်။ လေးသချေ်နှင့် ကမ္ဘာတစ်သိန်းအထက် ပွင့်တော်မူပြီးသော ဘုရားရှင်တို့၏ ဆင်းတုတော်များကိုလည်း စေတီတော်သဏ္ဌာန် မြေနံသာဆင်းတုတော်တို့ကိုလည်း မြို့ထောင့် စေတီ ၄ ဆူတွင် ဌာပနာထားပြီး မရေတွက်နိုင်သော ဓာတ်တော်၊ မွေတော်များကိုလည်း ရွှေ၊ ငွေ၊ ပယင်း၊ မိုးကြိုး၊ ဖန်၊ မှန် စသော ကြုတ်များဖြင့် ထည့်သွင်းဌာပနာခဲ့သည်ဟု သိရသည်။

မြို့ထောင့်စေတီ ၄ ဆူမှာ အမရပူရမြို့တော် အရှေ့မြောက်ထောင့်တွင် ရွှေကွန်အုပ်ဘုရား ကိန်းဝပ် စံပယ်တော်မူရန် ထိုစေတီကို သမီးတော်မင်းမြေဒူးက တည်ခဲ့သည်။ ထိုအချိန်က ဘုရားဖိနပ်တော် ၄၅ တောင်၊ အရပ်တော် ၆၇ တောင်နှင့် စေတီအရံများ ရှိသည်။ ရွှေစကားဘုရား မြို့တော်၏ အရှေ့တောင်ဘက်တွင်ရှိ၍ ရွှေစကားဘွဲ့မည်ရာ ရုပ်ပွားတော် ကိန်းဝပ်စံပယ်ပါသည်။ သားတော် စကုမင်းက သစ်သားဖြင့် ထုဆစ်ကိုးကွယ်သည်။ ရွှေလင်းပင်ဘုရားမှာ အနောက်တောင်ထောင့်တွင် ဖူးတွေ့ရပါမည်။ ရွှေလင်းပင် ရုပ်ပွားဆင်းတုတော် သီတင်းသုံးရန် သမီးတော်ဟသာ်ာတမင်းသမီးက တည်ထားခဲ့သည်။ မြို့တော်၏ အနောက်မြောက်ထောင့်တွင် သရက္ခံငါးဆူတွင် ပါဝင်သည့် ဆင်ကြိုရွှေကူဘုရား သီတင်းသုံးတော်မူရန် တည်ထားသည်။ ကပ်ကျော်ဘုရားဟု လူသိများသော ဘုရားဟု ဆိုပါသည်။

## ကွမ်ယင်စီဘုရားကျောင်း

ဆင်ဖြူရှင်လက်ထက်ကတည်းက တရုတ်လူမျိုးများနှင့် ကူးလူးဆက်ဆံမှုများရှိနေပြီဖြစ်ပြီး အခြေချနေထိုင်မှုများရှိရာက တရုတ်တို့ ကိုးကွယ်မှုဆိုင်ရာ ကွမ်ယင်စီဘုရားကျောင်းရှိပြီ ဖြစ်သည်။ မြန်မာနှစ် ၁၁၃၅ ခုနှစ်တွင် ဆောက်လုပ်သည်ဟု ဆိုသည်။ ဗဒုံမင်းလက်ထက်တွင် လူမျိုးစုအလိုက် ကိုးကွယ်ခွင့်နှင့် သီးခြားရပ်ကွက်များဖြင့် နေထိုင်ခွင့်ပြုခဲ့သည်။ အခြားသော လူမျိုးစုတို့နှင့် သက်ဆိုင်သည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများလည်း ရှိပါသေးသည်။

## အရိုးအိုးဂူဗိမာန်များ

နန်းတော်ရာကွက်သစ်၊ (ပလစ-၂)အရှေ့တောင်ထောင့်၊ ရွှေစကားစေတီမြောက်ဘက်တွင် ဗဒုံမင်း(ဘိုးတော်ဘုရား)၏ အရိုးဂူဗိမာန်ရှိပြီး ပေ ၈၀ ပတ်လည်အကျယ်အဝန်းတွင် ပေ ၅၀ ပတ်လည်ခန့်ရှိ ကုလားကျောင်းခံစေတီတွင် မုခ် ၁၂ ပေါက်ရှိကာ အလယ်တွင် ဗုဒ္ဓဆင်းတုတော် တစ်ဆူ တွေ့ရမည်။ ဗိမာန်အရှေ့ဘက် မျက်နှာစာတွင် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ရေးထိုးထားသော ကျောက်စာတစ်ချပ် ရှိ၏။

ထို့အပြင် စစ်ကိုင်းမင်း(ဘကြီးတော်ဘုရား) အရိုးအုတ်ဂူကို နန်းတော်ရာ၏ အနောက်တောင်ဘက်၊ ပြဿဒ်ကြီးဘုရား အရှေ့ဘက်တွင် ရှိသည်။ ပေ ၄၀ ပတ်လည် ပရိဝုဏ်အတွင်း ပေ ၂၀ ပတ်လည်ခန့်ရှိသော ကုလားကျောင်းခံ ၃ ပေါက်နှင့် စေတီအလယ်တွင် ဗုဒ္ဓရုပ်ပွားဆင်းတု တစ်ဆူရှိသည်။ သာယာဝတီမင်းအရိုးဂူမှာ ဘိုးတော်ဘုရားနှင့် ဘကြီးတော်ဘုရား အရိုးအိုးဗိမာန်ထက် အနည်းငယ်သေးပြီး နန်းတော်ရာမြောက်ဘက်၊ (ပလစ-၂) အိမ်ထောင်သည် လိုင်းခန်းအနောက်ဘက်၌ ရှိသည်။

## ရှေးဟောင်းသချိုင်း

ယဉ်တော်ရပ်ကွက်တွင်ရှိသော သရက်နှစ်ပင်သင်္ချိုင်းမှာ ရှေးက ရာဇဝတ်သားများ အပြစ်ပေးရာ နေရာဖြစ်သည်။ တရုတ်နှင့် အာမေးနီးယန်းသင်္ချိုင်းတို့လည်းရှိပြီး ဗဒုံမင်းလက်ထက် နိုင်ငံရပ်ခြားအမှုထမ်းများ မြှုပ်နှံရာ သင်္ချိုင်းများမှာ လင်ဇင်းကုန်းအနီးတွင်ဖြစ်၍ ဒရဂါတော်လည်း ရှိသည်။ လင်ဇင်းကုန်းတွင် သီတင်းသုံးခဲ့သော ထိုင်းဘုရင်ဟောင်း ဥဒုမ္ဗရ၏ အရိုးအိုးများ တွေ့ရှိခဲ့သည်။ မျက်မှောက်ကာလတွင် ထင်ရှားကျော်ကြားသော မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ၏ အရိုးအိုးဓာတုစေတီရှိပြီး မြန်မာနှစ် ၁၃၂၆ ခုနှစ်က တည်ထားသည်။ အခြား ဘာသာရေးဆိုင်ရာများနှင့်ပတ်သက်၍လည်း တွေ့ရှိပါသေးသည်။

အချုပ်အားဖြင့် အမရပူရသည် ရှေးဟောင်းအမွေအနှစ်တို့ စုဝေးရာဖြစ်ပြီး မြို့နန်းမတည်ခင်ကာလများနှင့် အမရပူရခေတ် ရှေးဟောင်းအမွေအနှစ်တို့ကို ယနေ့တိုင် မြင်တွေ့နိုင်ပါသည်။ မြန်မာတို့သည် ရှေးဟောင်းအမွေအနှစ်ကို ထိန်းသိမ်းမှုအားနည်းခြင်းကြောင့် ပျောက်ကွယ်သွားသော ရှေးဟောင်းအမွေအနှစ်များစွာရှိသည်ဟု ပြောချင်ပါတော့သည်။

**ကိုးကား–အမရပူရမြို့နယ်မှတ်တမ်း (၁၉၈၂)**







## ရှေးဦးပြုစုခြင်းအကြောင်း အသိပညာပေးဟောပြော

**ရေနံချောင်း ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကြက်ခြေနီအသင်းခွဲမှ အခြေခံပညာအထက်တန်းကျောင်း(လည်ပေါ်)တွင် ကျန်းမာရေးအထောက်အကူပြုရန်အတွက် ရှေးဦးပြုစုခြင်းအကြောင်း သိကောင်းစရာများ ဟောပြောပွဲ အခမ်းအနားကို ဇွန် ၁၂ရက်က အဆိုပါကျောင်းတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကြက်ခြေနီအသင်းခွဲ၊ ဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ကြက်ခြေနီအသင်းခွဲ တပ်ဖွဲ့မှူး ဦးကျော်စိန်က ကျောင်းသား၊ ကျောင်းသူများကျန်းမာရေးအထောက်အကူပြုရန်အတွက် ရှေးဦးပြုစုခြင်းအကြောင်း သိကောင်းစရာများကို ကျောင်းသား၊ ကျောင်းသူများအား ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ရေနံချောင်းမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အခြေခံပညာအထက်တန်းကျောင်း(လည်ပေါ်)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၅၀ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၄၇၂)**



## စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာပေဖတ်ရှုခြင်းဖြင့် စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန် စာအုပ် စာစောင်ချစ်မြတ်နိုးသူများအသင်း (BookClub)စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျင်းပခဲ့သည်။ **(အပေါ်ဝဲပုံ)**

ဆွေးနွေးပွဲတွင် ဇေယျာသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်က စာဖတ်ဝိုင်း ကျင်းပခြင်းသည် အကျိုးကျေးဇူးများစွာရှိကြောင်းနှင့် စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတ ပြည့်ဝစေရန်နှင့် စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင်စာရေးဆရာ ရဲမွန်ကျော်၊ စာရေးဆရာစိန်ဝင်းနွယ်နှင့် နေပြည်တော်စာပေဝိုင်းမှ စာရေးဆရာမချယ်ချယ်(YU)တို့က စာရေးဆရာဇန်းမော်တင်အောင်ရေးသားသည့် အညတြစာအုပ်ပါ ကျပန်းအလုပ်သမားကြက်တော၊ သားမယားရချင်ရှာသောကြက်တော၏ဒုက္ခနှင့် ကြက်တော၏ စွန့်စားခန်းအမျိုးမျိုးတို့ကို အလှည့်ကြ ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် စာပေဝါသနာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

ပတ်စရာ၊ မှတ်စရာ
ခုံလင်
မန္တလေး

## အဆင်းနဲ့အချင်း

★ ငှက်ပန်းလေး ငှက်ပန်းလေး
အဆင်းဖြူဖြူဖွေး ။

★ မွှေးမွှေးပျံ့ထုံ သင်းသင်းကြည်
ရနံ့အချင်း ရှိလေသည် ။

★ ဂုဏ်ရည် နစ်ရပ် ပိုင်ဆိုင်ထား
ပါရမီ လွန်ထူးခြား ။

★ နလုံးသားလေး ဖြူစင်ကာ
စိတ်ရင်း မွှေးပျံ့ပါ ။

★ ပမာဆို ငှက်ပန်းမျိုး
အလှ ကျက်သရေတိုး ။။

**မောင်မိုးဝင်း(မန္တလေး)**

## Book Club အသင်းနှင့်စာပေဝါသနာရှင်များ ပူးပေါင်း၍ စာဖတ်ဝိုင်းကျင်းပ

**ကန့်ဘလူ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)နှင့် စာပေဝါသနာရှင်များ ပူးပေါင်း၍ စာဖတ်ရှုမြှင့်တင်ရေးလုပ်ငန်းအဖြစ် ကောင်းစံသာ(ရေကြည်)ရေးသားသည့် လူငယ်လမ်းညွှန်စာစုများ(၁)စာအုပ်ဖြင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က စာဖတ်ရှုမြှင့်တင်ရေးအဖြစ် စာဖတ်သည့် အလေ့အကျင့်များရရှိစေရန်၊ စာပေမှတစ်ဆင့် အသိပညာဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် Book Club အသင်းမှ အဖွဲ့ဝင်များက ကောင်းစံသာ(ရေကြည်)၏ လူငယ်နှင့်သင်ယူခြင်းဆောင်းပါးအား ဦးဆောင်ဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်း၍ အပြန်အလှန်ဆွေးနွေးခဲ့သည်။ **(၄၈၀)**



## လူငယ်ရေးရာဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

**မန္တလေး ဇွန် ၁၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲကို ဇွန် ၁၃ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမျိုးဆန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဦးရှီးမွန်က လူငယ်နှင့် အားကစားအကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အားလပ်တဲ့အချိန်မှာ စာပေတွေကို လေ့လာစေလိုကြောင်း၊ အကျိုးကျေးဇူးကို ဟောပြောခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် ဂျာနယ်စာစောင်များကို လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးမှ လက်ခံရယူခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူ၊လူငယ်၊လူရွယ်များက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(၀၅၆)**





# သတင်းပဒေသာ

## မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူအသိပညာပေးလုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့ အခြေခံပညာမူလတန်းလွန် ကျောင်း(ကွန်မုံ)သို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာများအပြင် ပြင်ပ အသိပညာဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ ဇွန် ၁၂ ရက် မွန်းလွဲ ၁နာရီတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများက လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကွင်းဆင်း၍ ဟောပြောဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်း ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်တွင် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများကို ကျန်းမာတက်ကြွသောဘဝ ရရှိစေရန်အတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ မြို့သစ် မြို့နယ်ပြည်သူ့ ဆေးရုံဝင်းအတွင်း သံဃာတော်များ ဆေးကုသဆောင်၌ ယမန်နေ့ နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားလာစေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ နယ်လှည့်ကွင်းဆင်းလှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၁၀ နာရီခွဲက အ.မ.က(၁)ကျောင်းသို့ သွားရောက်ပြီး အသိပညာပေးလုပ်ငန်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့် ဟောပြောခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ ကြီးကြပ်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ပြည်သူများသိရှိနိုင်စေရန် အတွက် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေး လက်ကမ်းစာစောင်များကို ယမန်နေ့ နံနက် ၈ နာရီခွဲက လမ်းသွားလမ်းလာ ပြည်သူများနှင့် မြို့မဈေးအတွင်းရှိ မိဘပြည်သူများအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မန္တလေးပရိယတ္တိသာသနဟိတအသင်း (၁၁၈)ကြိမ်မြောက် နယုန်လစာလျှောက် မေးခွန်းကျင်းပ



**မန္တလေး ဇွန် ၁၄**

၁၃၈၆ ခုနှစ် မန္တလေးပရိယတ္တိသာသနဟိတအသင်းမှ ကြီးမှူး၍ (၁၁၈)ကြိမ်မြောက် နယုန်လစာလျှောက်မေးခွန်းကို နယုန်လဆန်း ၄ ရက်မှ ၈ရက်အထိ ဇွန် ၁၀ ရက်မှ ၁၄ ရက်အထိ ၅ရက်တိုင်တိုင် ကျင်းပခဲ့ရာ သီးခြားစာချတန်း (ဘိဝံသ)တွင် ၆၆ ပါး၊ သီးခြားစာသင်တန်းတွင် ၁၆၂ ပါး၊ စုစုပေါင်းသာသနာ့အာဇာနည် ၂၂၈ပါး ဝင်ရောက်ဖြေဆိုကြရာ အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်၊ အတွင်းရေးမှူးနှင့်အမှုဆောင်များက လိုအပ်သည်များ ကူသိုလ်ယူဆောင်ရွက်ပေးကြသည်။

စာဖြေသံဃာတော်များအား မန္တလေးမြို့၊ ပွဲကုန်းရပ်နေ ဦးသိန်းတန်+ ဒေါ်မေညွန့်ကြည် မိသားစုက နေ့ဆွမ်းကို လည်းကောင်း၊ ဦးကျော်သီဟ+ ဒေါ်အိအိဖွေး မိသားစုက သောက်ရေသန့်၊လစ်ပိုကျွဲရိုင်းချိုချဉ်တို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၄၅)

## သာသနာပြုကျောင်းများသို့ ဆားအိတ်များ လှူဒါန်း

**မန္တလေး ဇွန် ၁၄**

နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသတွင် သာသနာပြုနေသော သံဃာတော်များအတွက် ဆားများ လှူဒါန်းရန် စီစဉ်လျက်ရှိရာ အများပြည်သူပါဝင်လှူဒါန်းလျက်ရှိကြောင်း ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်မှ သိရသည်။

အဆိုပါ ဆားလှူဒါန်းမှုတွင် မန္တလေးမြို့မှ ဦးမျိုးလှိုင်ဦး+ ဒေါ်စန္ဒာထွေး၊(သမီး)မခိုင်စုမာန်၊ မသက်ထားစံ၊ (သား) မောင်ခန့်စည်သူ မိသားစုက ငွေကျပ် ငါးသောင်း၊ ရန်ကုန်မြို့မှ ဦးကြည်ထွန်း+ ဒေါ်အေးအေးမြင် မိသားစုက ငွေကျပ်ငါးသောင်း၊ ရန်ကုန်မြို့မှ ဒေါ်မြင့်မြင့်သိန်း မိသားစုက ငွေကျပ်ငါးသောင်း၊ မန္တလေးမြို့မှ ဦးစိုးမိုးနိုင် မိသားစုက ငွေကျပ်ငါးသောင်း လှူဒါန်းခဲ့သည်။

ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ (အဘိဓဇမဟာရဋ္ဌဂုရု) ဦးဆောင်သော နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး)က တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သာသနာပြုကျောင်း ၁၇၈၀ အတွက် တစ်နှစ်ပတ်လုံး ကဏ္ဍအသီးသီးတွင် လှူဒါန်းလျက်ရှိရာ လက်ရှိတွင် ဆား ၂၅ ပိဿာပါ ဆားအိတ်ပေါင်း ၅၀၀လှူဒါန်းလျက်ရှိသည်။

အဆိုပါ ဆားအိတ်လှူဒါန်းမှုတွင် ကုသိုလ်ရှင်တစ်ဦးက ဆား ၂၅ပိဿာပါ ဆားအိတ်ပေါင်း ၂၅၀ လာရောက်လှူဒါန်းထားရာ ကျန်ဆားအိတ်များအတွက် ဆား ၂၅ ပိဿာပါ တစ်အိတ်လျှင် တစ်သောင်းကျပ်နှုန်းဖြင့် ဖုန်း ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၄၀၂၆၉၂ ၅၂၂၊ ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၇၅၁၅၁၆၂၀၄ တို့သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(ကဆ)

## ချို့တဲ့အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များ လှူဒါန်း

**မန္တလေး ဇွန် ၁၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ ချို့တဲ့အိမ်ထောင်စုများအား (၁၂)အကြိမ်မြောက် အခြေခံစားသောက်ကုန်များ လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပခဲ့သည်။

ထိုသို့ လှူဒါန်းမှုအစီအစဉ်ကို မဟာအောင်မြေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်ဦးနှင့် အဖွဲ့ဝင် ဗိုလ်မှူး ဆွေလွင်အောင်၊ အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ချို့တဲ့အိမ်ထောင်စု ၄၅ စုအား ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆား တစ်ထုပ်၊ ဆပ်ပြာတစ်ဘူးနှင့် ငွေကျပ် ၅၀၀၀စီကို လှူဒါန်းပေးအပ်ခဲ့သည်။

အဆိုပါ လှူဒါန်းမှုအစီအစဉ်ကို လစဉ်လှူဒါန်းနိုင်ရန် အလှူရှင်များနှင့် ရပ်ကွက်တာဝန်ရှိသူများက ချို့တဲ့အိမ်ထောင်စုများကို ထပ်မံတိုးချဲ့လှူဒါန်းပေးနိုင်ရန် စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (ကဆ)





## ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံးသို့ ဆေးနှင့် ဆားများ လှူဒါန်းကုသိုလ်ပြု

**မန္တလေး ဇွန် ၁၄**

နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်း၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ တိက္ခ အဘိဓဇ မဟာရဋ္ဌဂုရုဦးဆောင်သည့် အသင်းကြီးသို့ ရန်ကုန်မြို့၊ အင်းစိန်ရပ်နေ အလှူရှင် ဗိုလ်မှူးဆိုင် မိသားစုက ဆေးပစ္စည်း တစ်ဒါဇင်နှင့် ငွေကျပ် ဆယ်သိန်းကို ပေးပို့ လှူဒါန်းကုသိုလ်ပြုရာ ရုံးအဖွဲ့ဝင် ဒေါ်စိန်စိန်အေးက လက်ခံရယူပြီး အသင်းကော်မတီဝင် ဒေါ်နွယ်နီက အသင်းဥက္ကဋ္ဌ ဦးလှဝင်း ကိုယ်စားလက်ခံရယူကာ ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

အလားတူ ရန်ကုန်မြို့၊ ပုဇွန်တောင်ရပ်နေ အလှူရှင် ဦးမြတ်သာ+ဒေါ်ရီရီ မိသားစုက ဆားအတွက် အလှူငွေကျပ် တစ်သောင်းငါးထောင်၊ မန္တလေး၊ အောင်မင်္ဂလာရပ်နေ အလှူရှင် မသန္တာအောင်က ဆားအတွက် အလှူငွေကျပ် တစ်သောင်း၊ အဘိုး၊ အဘွားများနှင့် ဖခင် ဦးညွန့်ရွှေ+မိခင် ဒေါ်တင်ကြည်(ညီမောင်)၊ ဦးစိန်ဝင်းတို့အား ရည်စူး၍ ဦးဝင်းမြင့်+ဒေါ်ထွေးထွေး(ငွေအိုးစည်ဘိနပ်)က ဆားအတွက်အလှူတော် ငွေကျပ် သုံးသောင်း၊ မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ အလှူရှင် ဦးမျိုးလှိုင်+ဒေါ်စန္ဒာထွေး မိသားစုက ငွေကျပ် ငါးသောင်း၊ မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ အလှူရှင် ဦးလှမောင်+ဒေါ်ရင် လှတို့အား ရည်စူး၍ ဆားအတွက် ငွေကျပ် တစ်သောင်း၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်ခင်လှကြည်အား ရည်စူး၍ ဦးအောင်ဝင်း၊ (သမီး) မအေးအေးနွယ်၊ မချိုချိုဝင်း၊ ညီမနှစ်ဦးက ဆားအတွက် ငွေကျပ် တစ်သောင်း အသီးသီး လှူဒါန်းကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)


၀-၀-၀-၀-၀

မျက်စိလျှံကြ မျက်ကြည်ရ
မြတ်သည့် လှူဒါန။

စာအုပ်ရှင်း

# ခံစားမှုချပ်ပါးပါး မှတ်တမ်းသဘောကဲကဲ ပဥ္စပဏ္ဏာသ-ငါးညီနောင်

ဖော်ညွှန့်သီ




**မွေးလမွေးနေ့**
**ရောက်၍လာပြီ။**
**လှူဒါန်းဒါန**
**သီလဆောက်တည်။**
**ဘာဝနာပွား**
**သုံးပါးစုံညီ။**
**မွေးနေ့ပွဲ**
**ထူးကဲမြတ်ပေသည်။ ။**

**(ချမ်းသာကြီးဆရာတော်)**

၂၀၂၄ မေ ၃၀ရက် နံနက်ပိုင်း အမရပူရ တောင်လေးလုံးကျောင်းတိုက်တွင် ဆရာသိုက်ထွန်းသက်၏ (၇၂)နှစ်မြောက်မွေးနေ့နှင့် အမှတ်တရကျောက်စာတိုင်ဖွင့်ပွဲ အခမ်းအနားကျင်းပမည်ကို သိရှိထားသောကြောင့် ထိုပွဲကို မအားလပ်သည့်ကြားမှ ရောက်အောင် သွားဖြစ်ခဲ့သည်။

မိမိရောက်ရှိသွားသည့်အချိန် အနည်းငယ်နောက်ကျသွား၍ ဖွင့်ပွဲစစချင်း မသိ မမီလိုက်ဘဲ ဆရာဆူးငှက်ပောပြောနေချိန်ရောက်ဖြစ်သည်။ တောင်လေးလုံးကျောင်းအဝင်တွင် ဆရာညွန့်မောင်(တောင်လေးလုံး)နှင့် တွေ့ပြီး ဆရာညွန့်မောင်က လက်ရှိတောင်လေးလုံးကျောင်းထိုင်ဆရာတော်နှင့် တွေ့ဆုံမိတ်ဆက်ပေးရာ ကျောင်းထိုင်ဆရာတော်၏ အနားတွင် စာရေးဆရာတက္ကသိုလ်တေဇာလင်းအား အဆင်သင့်ဖူးမြော်ဦးတင်ခဲ့ပါသည်။

ခဏအကြာအိမ်မှ အရေးတကြီး ကိစ္စပေါ်လာသော ဖုန်းဝင်လာသဖြင့် ပွဲပြီးသည့်အထိ မနေဖြစ်ဘဲ ဆရာသိုက်ထွန်းသက် အမှတ်တရ အလွမ်းစာလေးရေးပေးကာ အိမ်ပြန်ခဲ့ရပါသည်။

ထိုသို့ အိမ်ပြန်မည်ပြုစဉ် ဆရာတော်တက္ကသိုလ်တေဇာလင်းမှ မိမိအားသည့်အချိန် ကျောင်းသို့ဝင်ပြီး 'ပဥ္စပဏ္ဏာသ-ငါးညီနောင်'စာအုပ်ကြီးလက်ဆောင်ပေးမည် လာယူရန် မိန့်ပါသည်။ မိမိလည်း တင်ပ့ါဘုရားဟု လျှောက်ထားဖြေကြားက ထိုနေ့ညနေစောင်းပိုင်းတွင် ဆရာတော်၏ ဘာဝနာဂုဏ်ရည်တေဇာလင်း ဓမ္မရိပ်သာကျောင်းသို့ဝင်ကာ ဆရာတော်အမှတ်တရ လက်ဆောင်ပေးအပ်သော'ပဥ္စပဏ္ဏာသ-ငါးညီနောင်'စာအုပ်ကြီးကို ရယူခဲ့ပါသည်။

ဆရာတော်တက္ကသိုလ်တေဇာလင်း၏ ပုံတူရုပ်ပုံလွှာမျက်နှာဖုံးဖြင့် စာမျက်နှာ ၁၀၀၀ကျော် ခံ့ခံ့ထည်ထည် စာအုပ်ဖြစ်ပြီး စာမျက်နှာတစ်မျက်နှာခြင်း အကြမ်းဖျင်း လှမ်းခြုံကြည့်မိသည်။ ပုံနှိပ်မှတ်တမ်း၊ စာအုပ်မ,တည်ကုသိုလ်ရှင်များ၊ မာတိကာ၊ ရွှေရတုမွေးနေ့ အထိမ်းအမှတ်၊ ဘဝထဲက ဓာတ်ပုံ ဓာတ်ပုံထဲက ဘဝ ရောင်စုံဓာတ်ပုံပေါင်းများစွာ၊ အဖြူအမည်းလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများစွာဖြင့် အလှဆင်ခြယ်မှုန်းထားသည့် ဆရာတော်တက္ကသိုလ် တေဇလင်း၏(၅၅)နှစ်ပြည့် ဝိဇာတာမွေးနေ့အထိမ်းအမှတ် ဘဝမှတ်တိုင် ကိုယ်တိုင်ရေးစာအုပ် ဖြစ်သည်။

မိမိမှာ ဆရာတော်၏ 'ပဥ္စပဏ္ဏာသ-ငါးညီနောင်'စာအုပ်ကြီး ၁၀ရက်ကျော်ခန့် ထဲ့ပိုင်းထဲ့ပိုင်းဖြင့် မနည်းကြိုးစားဖတ်ရှုခံစားရသဖြင့် ဤစာအုပ်ဖြစ်လာအောင် ရေးဖွဲ့မှတ်တမ်းပြုစုနိုင်သော ဆရာတော်၏ လုံ့လဉဿဟကို မချီးကျူးဘဲ မနေနိုင်ပါ။ အံ့သြလေးစားမှု ပူဇော်မိပါသည်။ ဆရာတော်သည် မွေးနေ့ရောက်တိုင်း မဖြစ်မနေ စာအုပ်များရေးသားထုတ်ဝေခဲ့သည်ကိုလည်း ရေးသားထုတ်ဝေပြီး စာအုပ်မှတ်တမ်းများက သက်သေပြနေသည်။

ထုတ်ဝေပြီးသည့်စာအုပ်များမှာလည်း ပြီးစလွယ်အနေဖြင့် ထုတ်ဝေသည့် စာအုပ်များမဟုတ်ချေ။ စာအုပ်ထူထူ အမြင့်တင့်တယ်၍ စာအုပ်စင်ဧည့်ခန်းဆောင်တွင် ကျက်သရေရှိစွာ နေရာပေးသိမ်းဆည်းရမည့် စာအုပ်များ ဖြစ်ပါသည်။

မည်သူမဆို မိမိမွေးနေ့၊ မွေးလ၊ မွေးရက်ရောက်လျှင် ကုသိုလ်ကောင်းမှုအလုပ်ဖြင့် လှူဒါန်းကျွေးမွေးကြသည်။ သီလဆောက်တည် တရားဘာဝနာပွားများကြသည်။ ဆရာတော်တက္ကသိုလ်တေဇာလင်းမှာ အများနှင့်မတူ တစ်မူထူးခြားသည်ဟု ဆိုရပေမည်။ မွေးနေ့ရောက်တိုင်း မွေးနေ့အထိမ်းအမှတ် စာအုပ်များထုတ်ဝေကာ နှစ်စဉ်မပျက်ကုသိုလ်ပြု မေတ္တာလက်ဆောင်ပေးလျက်ရှိပါသည်။

ဆရာတော်၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် ရေးသားထုတ်ဝေကုသိုလ်ပြုဖြစ်သော စာအုပ်များကို ဖော်ပြရလျှင်-

**၁။ ကန့်လန့်ကာ အဖွင့်မျက်နှာစာများ၊**
**(အသက် ၄၅နှစ်ပြည့်)**
**အမှာစာပေါင်းချုပ် ၂၀၁၃ .**
**ဩဂုတ်လ**

**၂။ မစ္ဈိမဓမ္မ ခရီးသည်**
**(အသက် ၄၆နှစ်ပြည့်)**
**အိန္ဒိယဘုရားဖူး ခရီးသွားမှတ်တမ်း**
**၂၀၁၄ ဩဂုတ်လ**

**၃။ လင်္ကာဒီပ ခရီးသည်**
**(အသက် ၄၇ နှစ်ပြည့်)**
**သီရိလင်္ကာဘုရားဖူး**
**ခရီးသွားမှတ်တမ်း**
**၂၀၁၅၊ ဩဂုတ်လ**

**၄။ မြို့ဘ သာသနာ့မော်ကွန်း**
**(အသက် ၄၈နှစ်ပြည့်)**
**လုံးချင်း ၂၀၁၆၊ မေလ**

**၅။ လက်တွေ့ ကျင့်ကြံသတိပဋ္ဌာန်**
**(အသက် ၄၉ နှစ်ပြည့်)**
**မဟာသုတေသနကျမ်း**
**၂၀၁၇၊ ဇန်နဝါရီလ**

**၆။ အနုပညာလှေဖြင့်**
**ဓမ္မမျိုးစေ့ဖြန့်ဖြူးသူ**
**(အသက် ၅၀နှစ်ပြည့်)**
**ကိုယ်တိုင်ရေးထေရုပ္ပတ္တိ**
**၂၀၁၈၊ ဒီဇင်ဘာလ**

**၇။ ပုဂ္ဂိုလ်ရေးချဉ်းကပ်မှုများ**
**(အသက် ၅၁နှစ်ပြည့်)**
**ဆောင်းပါးပေါင်းချုပ် မွေးနေ့မဓိ**
**မွေးနေ့ ကျော်မှ ထွက်ရှိ**

**၈။ ပန်းရည်ဘဏ်တိုက် ဖန်တီးရှင်**
**ကန်မြဲအေးကျော်၏ သူ့ဘဝ**
**သူ့ဝန်းကျင်၊ သူ့အနုပညာ**
**(အသက် ၅၂နှစ်ပြည့်)**
**လုံးချင်း ၂၀၂၁၊ ဩဂုတ်လ**

**၉။ တောဘုမ္မာအဖွင့်နှင့်**
**နိဗ္ဗိန္ဒတေးအလင်္ကာများ**
**(အသက် ၅၃နှစ်ပြည့်)**
**၂၀၂၁၊ အောက်တိုဘာ**

**၁၀။ ဆောင်းပါးသဘောတရား**
**ဆောင်းပါးဖန်တီးမှုနှင့်**
**ထေရဝါဒ ဗုဒ္ဓဘာသာ**
**မြန်မာ့ပညာရေး**
**(အသက် ၅၄နှစ်ပြည့်)**

၂၀၂၂၊ **ဩဂုတ်လ**တို့ဖြစ်သည်။ ယင်းစာအုပ်များအပြင် မွေးနေ့အထိမ်းအမှတ် မဟုတ်ဘဲ အလှူသီချင်း သမိုင်းမှန်ကူကွက်များ လုံချင်းစာအုပ်နှင့် အနီးမွေး အဝေးကြိုင် ဆောင်းပါးပေါင်းချုပ်(၂၀၂၃) စာအုပ်များကိုလည်း ထုတ်ဝေဖြန့်ချိခဲ့သည်။

ယခု ၂၀၂၄ခုနှစ်တွင် (၅၅)နှစ်ပြည့် ငါးနှစ်လုံးကို ရည်ညွှန်းဖွဲ့ဆိုပြီး 'ပဥ္စပဏ္ဏာသ-ငါးညီနောင်' ကို အောင်မြင်စွာ ထုတ်ဝေနိုင်ခဲ့ပေပြီ။

စာအုပ်တွင် အမျိုးသားစာပေဆုရ ရဟန်းစာဆိုကဗျာဆရာဇာနည်၏ အမှာစာ ('ပဥ္စပဏ္ဏာသ စကားလက်ဆောင်)၊ ငါးညီနောင်အတွက် ဆရာရွှေဥဏ်ဇော်၏ အတွေးကွန့်ရက်များ၊ စာရေးသူ၏ စာမွှန်ဦးဗုဒ္ဓနှစ်သက် မွေးနေ့မင်္ဂလာ အမှာစာများနှင့်အတူ စာရေးသူ ရေးသားထုတ်ဝေဖြစ်သော စာအုပ်များအကြောင်း၊ သူတစ်ပါး၏ စာအုပ်များ၌ ရေးဖြစ်သည့် အမှာစာ(ခေါ်)စာမွန်ဦးများအကြောင်း၊ စာရေးသူ သီတင်းသုံးရာ ဘာဝနာဂုဏ်ရည် တေဇာလင်းဓမ္မရိပ်သာ၌ ပြုလုပ်ဖြစ်သည့် အထိမ်းအမှတ် လွမ်းဆွတ်ပွဲများ၊ စာအုပ်မိတ်ဆက်ပွဲများ အကြောင်း၊ စာရေးသူတက်ရောက် အားပေးဂုဏ်ပြုဖြစ်သော ပွဲများနှင့် ပြောဆိုဖြစ်သော အကြောင်းအရာများကို တင်ပြထားသည်။

ထို့အပြင် စာရေးသူ ဆရာတော် တက္ကသိုလ်တေဇာလင်းအား ဂုဏ်ပြုပူဇော်ကြသည့် ကဗျာရှင်များ၏ ကဗျာများကိုလည်း ဖော်ပြထားသည်။ ကဗျာရှင်များမှာ မြေလတ်မင်းလွင်၊ ရွှေကန်သား(ပခုက္ကူ)၊ ခင်ဆွေလှိုင်(ပန်းချီ)၊ ကြည်မင်းဝေ(ဆင်ကျွန်း)၊ ကိုဇ(ချပ်သင်း)၊ ဦးဌေးမောင်တို့ဖြစ်ကြသည်။

သူတို့ရင်ထဲက ရင်လှိုင်းခတ်သံများဆိုပြီး ရဟန်းစာဆိုဆရာတော်ဦးစန္ဒိမာ(စလင်း)၏ ရင်ထဲက စကား၊ အရှင်ဇောတ(ချပ်သင်း)၏ နှလုံးသားထဲက စကားသံ၊ ဆရာတင်လင်းဇော်၏ ရင်ထဲက အမှတ်တရစကား၊ ဒေါက်တာ လွင်ညိုဦး၏ ရင်ထဲက မုဒိတာလွှာ၊ သတင်းထောက် စာရေးဆရာဦးကြည်အောင်၏ အမှတ်တရ ရင်တွင်းစကား၊ မွေးနေ့မင်္ဂလာရှစ်လုံးဘွဲ့ ကဗျာရှင်ဦးဌေးမောင်၏ ကဗျာရွတ်ဆိုမှု၊ သတင်းထောက် စာရေးဆရာမကေဇာ၏ ရင်တွင်းစကား၊ မြေလတ်မင်းလွင်၏ ရင်ထဲက အမှတ်တရစကားများကိုလည်း တခုတ်တရ ဖော်ပြထားသည်။

အကြောင်းအရာ အစုံကို ထောင့်စေ့အောင် ဖော်ပြထားသည်။ သတင်းစာတွင် ပါရှိသော စာအုပ်သတင်းမှအစ ပါရှိသည့်အပြင် စာရေးသူနှင့် ပတ်သက်သည့် အကြောင်းအချင်းအရာများကို မန္တလေးနေ့စဉ်သတင်းစာ၊ စံတော်ချိန်နေ့စဉ်သတင်းစာစသည်တို့၌ ဆောင်းပါးရေးသားကြသည့် ဆရာ၊ ဆရာမများ၏ ဆောင်းပါးများမှလည်း စာရေးသူ၏ ရုပ်ပုံလွှာကို ပေါ်လွင်စေသည့် အပိုဒ်များကိုသာ ကောက်နုတ်ဖော်ပြထားသည်ကိုလည်း တွေ့ရပါသည်။ သို့ဖြစ်၍ စာအုပ်မှာ ခံစားမှုထက် သုတေသနဆန်သော မှတ်တမ်းသဘောကဲနေသလားဟု ထင်မြင်မိပါသည်။ ဤမွေးနေ့အထိမ်းအမှတ် စာအုပ်ကြီးရေးသားနေစဉ်ဆရာတော် တက္ကသိုလ်တေဇာလင်းသည် ရဟန်းသံဃာအား လုပ်ကျွေးပြုသည့် သင်တန်းပို့ချခြင်း၊ တရားဟော တရားပြခြင်းတို့ကိုလည်း မပျက်မကွက်ဆောင်ရွက်နိုင်သည့်အကြောင်း မှတ်တမ်းတင်ရေးပြထားသည့်အတွက် အံ့သြချီးကျူးပူဇော်ဦးခိုက်ရပါသည်။

ဆရာတော်ဆောင်ရွက်ခဲ့သည့် တရားဟော တရားပြများကို ဖော်ပြရလျှင်-

ကာယကံမေတ္တာပရဟိတဖောင်ဒေးရှင်း သာသနာပြုကျောင်းတိုက်၌ ကျင်းပသည့် ရဟန်းတော်များဆိုင်ရာ ဘက်စုံသာသနာပြုစွမ်းရည်မြှင့် သင်တန်းသို့ ဆရာအဖြစ် တက်ရောက်ကာ သံဃာတော်များအား ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်းချပေးခြင်း၊ သင်တန်းအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးခြင်း၊ ညချမ်းအောင်ပွဲ သဘင်၌ 'အပြစ်မမြင် အချစ်ဝင်တရား' ကို ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းဇယားထောက်တတ်အောင် ရည်ရွယ်၍ သင်တန်းသားရှင် ရဟန်းများနှင့် တရားနာပရိသတ်အား ဟောကြားခြင်း၊ ဝါဆိုလပြည့်နေ့မှစ၍ ဥပုသ်နေ့တိုင်း နေ့လယ် တစ်နာရီမှ နှစ်နာရီအထိ ချမ်းသာကြီးဘုရားကုန်းတော်ပေါ် မိုးကုတ်တရားစခန်း၌ ယောဂီများအား တရားဟောတရားပြခြင်း၊ တစ်နှစ်ကြာမျှ ရပ်နားထားသည့် အင်္ဂါ၊ သောကြာနေ့တိုင်းပို့ချရသည့် ဝိသုဒ္ဓိမဂ်နှင့် ဝိမုတ္တိမဂ်နှိုင်းယှဉ်သင်ကြားခြင်း သင်တန်း ပြန်လည်ပို့ချခြင်း၊ ပုလဲဆရာတော်ဦးဆောင်ကျင်းပသော ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ဟောနည်း၊ ပြောနည်း သင်တန်းမှာ သံဃာတော်များအား တစ်နေ့နှစ်ကြိမ် နေ့ ၁၂နာရီမှ ၁နာရီအထိ တစ်ကြိမ်၊ တစ်နာရီခွဲမှ နှစ်နာရီခွဲအထိ တစ်ကြိမ်၊ ဩဂုတ်လ ၂၅ရက်မှ ၂၀ရက်အထိ ရှစ်ရက်တိုင်တိုင် (၁၆)ကြိမ်မျှ ပဋ္ဌိစ္စသမုပ္ပါဒ်ပို့ချကာ သံဃာတော်များအား အလုပ်အကျွေးပြုခြင်း 'ရွှေသာမဏေကူညီစောင့်ရှောက်ထောက်ပံ့လှူဒါန်းရေး သာသနာပြုအခမ်းအနား' သို့ တက်ရောက်ကာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ယောဂီများအား တရားဟောကြားခြင်း၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အင်ကြင်းမြိုင်ကျောင်းတိုက်၌ ကျင်းပသည့် ကျောင်းထိုင်ဘုန်းကြီးများနှင့် ဓမ္မာစရိယအောင် အရှင်မြတ်တို့အား ဘက်စုံစွမ်းရည်မြှင့်သင်တန်းသို့ ဆရာအဖြစ် တက်ရောက်ကာ ရှင်ရဟန်းတို့အား ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်းကို ၂၀၂၃ခုနှစ် စက်တင်ဘာလ ၁၅ရက်မှ ၂၁ရက်အထိ ၇ရက်တိုင်တိုင် တစ်နေ့(၄)ကြိမ်မျှ သင်တန်းပို့ချခြင်းများ ဆောင်ရွက်ခဲ့သည်ကို ဖတ်ရှုရသည့်အတွက် ဆရာတော်အား လေးစားကြည်ညိုမြတ်နိုးမိပါသည်။

ဆရာတော်တက္ကသိုလ်တေဇာလင်း၏ 'ပဥ္စပဏ္ဏာသ-ငါးညီနောင်'စာအုပ်ကြီးမှာ အသက်ငါးဆယ်မှ ငါးဆယ့်ငါးနှစ်အထိ ငါးနှစ်တာကာလအတွင်း စာရေးသူ လှုပ်ရှားပြုမူပြောဆိုမှုများ၊ နီးနွယ်ပတ်သက်ရာ စာရေးဆရာ၊ ဆရာမတို့၏ ပုံရိပ်များ၏ တစ်စိတ်တစ်ဒေသမျှသာဖြစ်သည်ဟု ဆိုထားသော်လည်း အမှန်တကယ်တွင် စာရေးသူ၏ နှလုံးသားပေထက်၌ စာဖွဲ့၍ မကုန်သောအကြောင်းအရာများ မရေတွက်နိုင်အောင် ကျန်နေပါသေးသည်ဟု ဆရာတော်၏ ဥဒါန်းကျူးသံကိုလည်း နာကြားရပါသည်။

ဆရာတော်တက္ကသိုလ်တေဇာလင်း၏ (၅၅)နှစ်ပြည့်မွေးနေ့မင်္ဂလာတိုင်သည့် အချိန်အခါတွင် ရေးသားထုတ်ဝေပြီး စာအုပ်ပေါင်း ၇၃အုပ်ရှိနေပါပြီ။

နောင် မွေးနေ့ပေါင်းများစွာ ဖြတ်သန်းပြီး စာအုပ်ပေါင်း မြောက်မြားစွာ ထွက်ရှိနေမည်မှာ တတ်အပ်အသေအချာပင်ဖြစ်ကြောင်း ရဲဝံ့စွာ ပြောဆိုလိုက်ရပါသည်။

**ဆရာတော်တက္ကသိုလ်တေဇာလင်း သက်တော်ရာကျော် ရှည်ပါစေ။ ။**

# စစ်ကိုင်းတိုင်းဒေသကြီးသန်းခေါင်စာရင်းလုပ်ငန်း အဆင်ပြေစေရေးအတွက် အုပ်ချုပ်မှုလုပ်ငန်းများ သင်ကြားပေးသွားမည်



**စစ်ကိုင်း ဇွန် ၁၄**

သန်းခေါင်စာရင်းလုပ်ငန်း အဆင်ပြေစေရေးအတွက် ဆောင်ရွက်ရမည့် အုပ်ချုပ်မှုလုပ်ငန်းများ သင်ကြားပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ဇွန် ၁၂ ရက် နံနက်ပိုင်းက ပြောကြားသည်။

"၂၀၂၄ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူတဲ့ လုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ကောက်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအနေနဲ့ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စေရေးအတွက် လိုအပ်တဲ့ မြေပုံရေးဆွဲတာ၊ အဆောက်အအုံမှတ်တမ်းတင်တာ၊ ကောက်ကွက်ဖွဲ့စည်းတာ၊ စာရင်းစစ်၊ စာရင်းကောက်တွေစုဖွဲ့ပြီး သတ်မှတ်သင်တန်းတွေကို ဗဟိုသန်းခေါင်စာရင်းကော်မတီလမ်းညွှန်ချက်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။သန်းခေါင်စာရင်းလုပ်ငန်း ဆင်ပြေစေရေးအတွက် ဆောင်ရွက်ရမယ့် အုပ်ချုပ်မှုလုပ်ငန်းတွေ သင်ကြားပေးသွားမှာဖြစ်လို့ တက်ရောက်မယ့် အရာရှိတွေအနေနဲ့လည်း အလေးအနက်ထား ခံယူတက်ရောက်သွားကြရပါမယ်" ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၂ ရက် နံနက်ပိုင်းက မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းတွင် ကျင်းပရာ ဝန်ကြီးချုပ်က အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ လုပ်ငန်းစဉ်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မဲစာရင်းပြုစုရာတွင် အရေးကြီးသည့် ကိန်းဂဏန်းအချက်အလက် မှန်ကန်စေရေးအတွက် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းမှ ရရှိသည့် လူဦးရေစာရင်းအား မှန်ကန်သည့် မဲစာရင်းပြုစုရန်အတွက် အထောက်အကူပြုသည့် လုပ်ငန်းဖြစ်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးဆန်းအောင်က တိုင်းဒေသကြီးအတွင်း ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များအတွင်း ၂၀၂၄ခုနှစ်၊လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများအား အသီးသီးရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထိုနေ့ နံနက်အစောပိုင်းက မုံရွာမြို့၊ကန်သာယာတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊တိုင်းဒေသကြီးတရားသူကြီးချုပ်၊တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများဖြင့် ကျင်းပသည်။

တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးတို့က ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆိုင်းဘုတ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုသွားမည့်ပစ္စည်းများ၊ ပိုစတာနှင့် လက်ကမ်းစာစောင်များအား ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၄)

*-*-*-*-*

# ဗန်းမော်မြို့နယ်တွင် ခရမ်းချဉ်သီးဈေး အဆမတန် မြင့်တက်လာနေ



**ဗန်းမော် ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမော်မြို့နယ်တွင် ခရမ်းချဉ်သီးဈေးမှာ ယခုအခါ အဆမတန်မြင့်တက်လာနေကြောင်း ခရမ်းချဉ်သီးများကို ဝယ်ယူစားသုံးသူများထံက သိရသည်။

ယခုနှစ်စပိုင်း ဇန်နဝါရီလမှ ဇွန်လ ၄ ရက်အထိ ခရမ်းချဉ်သီးဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၄၀၀၀အထိ ဝယ်ယူစားသုံး၍ရကြသော်လည်း ဇွန် ၅ရက်မှစပြီး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀၊ယင်းမှ ငွေကျပ် ၈၀၀၀ အထိ တဖြည်းဖြည်း ဈေးများမြင့်တက်လာကြကာ ယခုအချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ပေါက်ဈေးဖြင့် ဝယ်ယူစားသုံးနေရသည်။

"ကျွန်မတို့ တစ်သက်မှာ ဒီလိုခရမ်းချဉ်သီးဈေး တစ်ပိဿာကို ငွေကျပ် ၁၂၀၀၀အထိ မြင့်တက်တာမရှိခဲ့ဘူး။ ပြီးခဲ့တဲ့နှစ်တွေက အလွန်ဆုံးဈေးတက်ရင်တောင် တစ်ပိဿာ ငွေကျပ် ၃၅၀၀ မှ ၄၀၀၀ အထိပဲရှိတယ်။ အခုက ဒီဇွန်လပထမအပတ်ကစလို့ တဖြည်းဖြည်းနဲ့ဈေးက မြင့်တက်လာနေတာပါ။ ဒီလိုသာဈေးတွေ မြင့်တက်လာရင်ဝယ်ယူစားသုံးဖို့ မသင့်တော့ဘူး။ ခရမ်းချဉ်သီး မပါလည်း ဟင်းဖြစ်ပါတယ်" ဟု ဗန်းမော်မြို့မှ အိမ်ရှင်မတစ်ဦးက ပြောသည်။

ဗန်းမော်မြို့နယ်အတွင်း၌ ဝယ်ယူရောင်းချနေကြသော ခရမ်းချဉ်သီးများကို မန္တလေးမြို့ရှိ ခရမ်းချဉ်သီးပွဲရုံများမှ ၁၅ ပိဿာတစ်တိုက်လျှင် ငွေကျပ် ၈၀၀၀၀ အထိ ပေးဝယ်ကြရကြောင်း၊ ကားတင်ခ၊ အလုပ်သမားခများ စရိတ်မြင့်မားလာခြင်း၊ လမ်းခရီးဆက်သွယ်သွားလာရေး အခက်အခဲများရှိခြင်း၊ အချိန်မီမရောက်ရှိလာခြင်း၊ အပြော့ကာ ပျက်စီးဆုံးရှုံးမှုများခြင်း၊ အခိက သယ်ယူစရိတ်ကြီးမြင့်လာနေခြင်းနှင့် လောင်စာဆီဈေးများ အဆမတန် မြင့်တက်လာနေမှုများကြောင့်ဖြစ်နိုင်ကြောင်း ခရမ်းချဉ်သီးစားသုံးကြသူ ပြည်သူများက ဝေဖန်ပြောဆိုနေကြသည်။

"အခိက,ကတော့ သယ်ယူစရိတ်နဲ့ သွားလာရေးလမ်းခရီး မဖြောင့်ဖြူးတာပေါ့နော်။ ခရမ်းချဉ်သီးဆိုတာက အချိန်မီရောက်နိုင်မှလေ။ အချိန်မီမရောက်ခဲ့ဘူးဆိုရင် အိပုပ်ပြီးတော့ ပျက်စီးဆုံးရှုံးကုန်တာကြောင့် အမြတ်မပြောနဲ့ အရင်းတောင် မနည်းရောင်းရတယ်။ အရှုံးတော့ မခံဘူးလေ။ အရင်းလေးရအောင်တော့ ဈေးတင်ရောင်းရတာပေါ့နော်။ ဒီကာလက ခရမ်းချဉ်သီး ရောင်းရတာ မလွယ်လှပါဘူး" ဟု မြို့မဈေးတွင် ခရမ်းချဉ်သီးများ အမြဲရောင်းချသူတစ်ဦးက ပြောသည်။

ယခင်နှစ်ပေါင်း ၂၀ကျော်ခန့်က ဗန်းမော်မြို့နယ်အတွင်း နေထိုင်ကြသော ပြည်သူများမှာ ခရမ်းချဉ်သီးများကို ရာသီကာလပေါ်ချိန်ရောက်မှသာ စိုက်ပျိုးရောင်းချစားကြရပြီး ယခုစားသုံးနေကြသော ရှမ်းပြည်နယ်၊ တောင်ကြီး၊ အင်းလေးဘက်တို့မှ စိုက်ပျိုးကြသော ခရမ်းချဉ်သီးများကို မန္တလေးမြို့ရှိ ခရမ်းချဉ်ပွဲရုံများတွင် ဖောက်သယ်သွင်းပြီး ယင်းမှတစ်ဆင့် ဗန်းမော်မြို့နယ်သို့ ကားကြီး၊ ကားငယ်များဖြင့် တင်ဆောင်ရောင်းချကြသည့် ထိုင်ဝမ်ခရမ်းချဉ်သီးများကို စိုက်ပျိုးခြင်းမရှိကြဘဲ မိုးအကုန်ဆောင်းအကူး၌ စိုက်ပျိုးကြသော ခရမ်းချဉ်အချဉ်သီးများကိုသာ စိုက်ပျိုးကြပြီး လှိုင်လှိုင်ပေါ်ချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ မှ ၁၅၀၀ အထိသာ ရောင်းချရကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၃)

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း ဇွန် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ယမန်နေ့ နံနက် ၁၀နာရီက အမှတ်(၁) ရပ်ကွက်ရှိ ပညာပဒေသာ စာကြည့်တိုက်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသက်ခိုင်က မြို့နယ်အတွင်းဖွင့်လှစ်ထားရှိသော ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့် ကိုက်ညီမှုရှိစေရေး၊ ရေရှည်ရှင်သန်ခိုင်မာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က 'စာဖတ်ခြင်းနှင့် ကျန်းမာရေး' အကြောင်းနှင့် 'စာမျိုးစုံလင်ဖတ်စေချင်'အကြောင်းကို ဟောပြောဆွေးနွေးသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းပြုလုပ်ခြင်း၊ စာအုပ်စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ထွန်းမြင့်လှိုင်



သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိဩဇာခံအဖြစ် ထားရှိလိုမှုများကြောင့် နောက်ကွယ်မှ ဘက်စုံစစ်ပွဲအသွင်ဖော်ဆောင်ကာ လုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

❖ သို့ဖြစ်၍ ပြည်ထောင်စုကြီး အစွန့်ရှည်ကြာ ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြား၊ သင်ယူနေကြခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးနေခြင်းပင်ဖြစ်



နေပြည်တော် ဇွန် ၁၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးများနှင့် အွန်လိုင်းမှတွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျောင်းများအားလုံးဖွင့်လှစ်ခဲ့သည်မှာ ရက်သတ္တ နှစ်ပတ်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ သက်ဆိုင်ရာကျောင်းများ၊ ဌာနများအလိုက် ဆရာ ဆရာမ၊ ကျောင်းသားဦးရေစာရင်းများမှအစ ရုံးလုပ်ငန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ရာတွင် အချက်အလက်များကို တိကျမှန်ကန်မြန်ဆန်ရေးအတွက် စနစ်တကျအလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းများတွင်ရှိသည့် သုတေသနစက်ပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများစာရင်းနှင့် ထပ်မံလိုအပ်သည့်ပစ္စည်းစာရင်းများ စနစ်တကျတင်ပြရန်လိုကြောင်း၊ သုတေသနပစ္စည်းများကို အကျိုးရှိထိရောက်အောင် စနစ်တကျသုံးစွဲဆောင်ရွက်ကြစေလိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတိုးတက်ရေးအတွက် အရေးပါသည့်ဌာနဖြစ်၍ ပညာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းမိသားစုများအားလုံး လက်တွဲညီညီဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ စာသင်ခန်း၊ စာသင်ဆောင်၊ အိပ်ဆောင်များ၊ ကျောင်းအတွင်းအပြင် ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းသာယာရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးကို အလေးထားဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။

အဝေးသင်တက္ကသိုလ် သိပ္ပံကျောင်းသားများ လက်တွေ့တန်းဆောင်ရွက်သကဲ့သို့ စာသင်ချိန်အတန်းတက်ရောက်စေရေး ကြိုးကြပ်ရမည်ဖြစ်ပါကြောင်း၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပညာရေးမှူးများအနေဖြင့် စာသင်ကျောင်းများနှင့် စာသင်ခန်းများအထိ အရောက်သွား၍ ကျောင်းသားကျောင်းသူများ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ စာကြည့်တိုက်အတွက် စာအုပ်များကို နှစ်စဉ်ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း ထပ်မံလိုအပ်သည့်စာအုပ်စာရင်းများကို ကြိုတင်ပြုစုဆောင်ရွက်ထားကြရမည် ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ ကျောင်းတက်မှန်ရေး၊ အမှန်တကယ် ပညာတတ်မြောက်အောင် သင်ကြားပေးရေးတို့အတွက် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က e-government အောင်မြင်စွာ အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးအတွက် အားလုံးပါဝင်ဆောင်ရွက်ကြရန်၊ Project Based Learning အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ အရည်အသွေးများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရန်တို့ကို ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အခြေခံပညာကျောင်းများတွင် ကျောင်းအပ်လက်ခံဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယာယီနေရပ်စွန့်ခွာ ဒေသမှ ကလေးများ ကျောင်းလာအပ်ပါက အဆင်ပြေချောမွေ့စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်နှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေရေး အားလုံးလက်တွဲဆောင်ရွက်ပေးကြရန်တို့ကို မှာကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆရာအတတ်ပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့က အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာကဏ္ဍရှိ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်တို့တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၅ အာရှ ယူ-၁၇ ခြေစစ်ပွဲ အုပ်စု(I)တွင် မြန်မာယူ-၁၆ အသင်း ကျရောက်




မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းသည် ၂၀၂၅ အာရှ ယူ-၁၇ ခြေစစ်ပွဲအုပ်စု(I)တွင် ယီမင်၊ ဗီယက်နမ်၊ ကာဂျစ္စတန် အသင်းတို့နှင့်အတူ ကျရောက်လျက်ရှိသည်။

ခြေစစ်ပွဲ အုပ်စု(I)ကို အိမ်ရှင်အဖြစ် ဗီယက်နမ်နိုင်ငံက လက်ခံကျင်းပမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၇ ရက်အတွင်း ကျင်းပရန် စီစဉ်ထားသည်။

ခြေစစ်ပွဲကို အုပ်စု(၁၀)စု ခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုပထမရရှိသည့် ၁၀ သင်း၊ အကောင်းဆုံးအုပ်စုဒုတိယရသည့် (၅)သင်းတို့ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ကာ နောက်ဆုံးအဆင့် ပြိုင်ပွဲကို ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်သည်။

(NGB)

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၈) ရက်၊ (အင်္ဂါနေ့) "အီဒုလ်အသွဟာ (ကုရ်ဘာနီအီး3်)" နေ့သည် အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်